ကြေးမှုံ
The Mirror
အရှေ့ဖျား ဈေး ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်၊ တနင်္ဂနွေနေ့ (19-5-2013) (၇၄၈၅)

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အလုပ်သဘောခရီးသွားရောက်ရန် အမေရိကန်ပြည်ထောင်စုသို့ထွက်ခွာ

နေပြည်တော် မေ ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အလုပ်သဘောခရီးသွားရောက်ရန် ယမန်နေ့ည ၁၁ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ အမေရိကန်ပြည်ထောင်စုသို့ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဥာဏ်ထွန်းအောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးယာယီတာဝန်ခံ *Ms. Virgina E. Murray* နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်းနှင့်ဦးသန်းဌေး၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဦးရဲထွဋ်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာမျိုးမြင့်၊ ဒေါက်တာဒေါ်သိန်းသိန်းဌေးနှင့် တာဝန်ရှိသူများလိုက်ပါသွားကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အလုပ်သဘောခရီးသွားရောက်ရန် အမေရိကန် ပြည်ထောင်စုသို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ ပြည်ထောင်စုဝန်ကြီး ဦးဥာဏ်ထွန်းအောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

လှိုင်သာယာ – စဉ့်အိုးတန်းသင်္ဘော အချိန်ပြောင်းလဲပြေးဆွဲမည်

ရန်ကုန် မေ ၁၈

လှိုင်သာယာမြို့နယ် ရှမ်းချောင်းဆိပ်ကမ်းမှ ညောင်ပင်လေးဈေးအနီးရှိ စဉ့်အိုးတန်းဆိပ်ကမ်းသို့ ပြေးဆွဲနေသော "တံလျှပ်" အမည်ရှိ နှစ်ထပ်သင်္ဘောကို အချိန်ပြောင်းလဲပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်္ဘောကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် *FMI Flotilla* ကုမ္ပဏီမှ အကျိုးတူလုပ်ကိုင်ခွင့်ရရှိခဲ့ပြီး မေ ၂၀ ရက်တွင် ဖွင့်ပွဲအခမ်းအနားပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို "တံလျှပ်" သင်္ဘောသည် လှိုင်သာယာ ရှမ်းချောင်းဘက်မှ နံနက် ၆ နာရီခွဲတွင် စဉ့်အိုးတန်းဆိပ်ကမ်းသို့ ထွက်ခွာမည်ဖြစ်ပြီး ရေစုန်ဖြစ်ပါက နံနက် ၇ နာရီ ၁၅ မိနစ်၊ ရေဆန်ဖြစ်နေပါက နံနက် ၇ နာရီ ၄၅ မိနစ်တွင် ဆိုက်ကပ်နိုင်မည်ဖြစ်ကြောင်း၊ စဉ့်အိုးတန်းဆိပ်ကမ်းမှ ညနေ ၆ နာရီတွင် လှိုင်သာယာ ရှမ်းချောင်းဘက်သို့ ထွက်ခွာမည်ဖြစ်ပြီး ရေစုန်ဖြစ်ပါက ညနေ ၆ နာရီ ၄၅ မိနစ်တွင် လည်းကောင်း၊ ရေဆန်ဖြစ်နေပါက ည ၇ နာရီ ၁၅ မိနစ်တွင် လည်းကောင်း ဆိုက်ကပ်နိုင်မည်ဖြစ်ကြောင်း၊ သင်္ဘောပေါ်တွင် နိုးနိုးတန်းနံ့ ၆၀၊ အထူးတန်း ၁၀ ခုံတို့ တပ်ဆင်ထားပြီး ခရီးသည်တစ်ဦးစီအတွက် အသက်ကယ်အင်္ကျီတစ်ထည်စီ၊ အသက်ကယ်ဖောင်၊ အသက်ကယ်ဘောကွင်းတို့ကိုလည်း စီစဉ်ပေးထားကြောင်း သိရသည်။

စာမျက်နှာ ၉ ကော်လံ ၆ သို့ ❖

ဘာသာပြန် - သတင်းလုလင်

မြေငလျင်ဆိုင်ရာ ကြိုတင်ခန့်မှန်းရေးစနစ်များ တိုးတက်ကောင်းမွန်စေရန် ကြိုးပမ်း

မြေငလျင် ကြိုတင်ခန့်မှန်းရေးစနစ်များကို တရုတ်သိပ္ပံပညာရှင်များ တီထွင်ဖော်ထုတ်လျက်ရှိသည်။

မော်စကို မေ ၁၈

မြေငလျင်ဆိုင်ရာ ကြိုတင်ခန့်မှန်းရေးစနစ်များ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ကမ္ဘာတစ်ဝန်းရှိ သိပ္ပံပညာရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဥရောပမြေငလျင်ဗေဒကော်မရှင် ဥက္ကဋ္ဌ အလက်ဇီဇာယာလော့ဗ်က မေ ၁၅ ရက်တွင် ပြောကြားသည်။

မြေငလျင်လှုပ်မည့် အခြေအနေကို ကြိုတင်ခန့်မှန်းနိုင်ရန် နည်းပညာသစ်များ တီထွင်ဖော်ထုတ်ရာတွင် ကမ္ဘာတစ်ဝန်းမှ သိပ္ပံပညာရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မြေငလျင် ကြိုတင်ခန့်မှန်းနိုင်ရန် လက်ရှိအသုံးပြုနေသော နည်းစနစ်များမှာ ငွေကြေး

စာမျက်နှာ ၉ ကော်လံ ၁ သို့ ◆



ကြားမုံစာတည်း ရှေထောင် ၁၉-၅-၂၀၁၃၊ တနင်္ဂနွေနေ့

နိုတိမှန်မှ ပျိုးကောင်းသန်

ပြည်သူ့နီတိဆိုသည်မှာ ပြည်သူများ လိုက်နာကျင့်သုံးအပ်သည့် ကျင့်ဝတ်များဖြစ်ပါသည်။ တစ်နည်းဆိုရလျှင် မြန်မာတို့၏ယဉ်ကျေးမှုဓလေ့ ထုံးစံများနှင့်ကိုက်ညီသည့် မဂ်လာကျင့်ဝတ်များ ဖြစ်ပါသည်။

လွန်ခဲ့သည့်နှစ်များစွာက ပြည်သူ့နီတိကို ကျောင်းသင်ဘာသာရပ် တစ်ခုအဖြစ် ပြဋ္ဌာန်းထားသည်ကို တွေ့ရပါသည်။ ယနေ့ကာလတွင် ထိုဘာသာရပ်ကို သင်ကြားပေးခြင်းမတွေ့ရတော့ဘဲ ပြင်ပတွင်သာ ယဉ်ကျေးလိမ္မာသင်တန်းလေးများအဖြစ် ကိုယ့်အစီအစဉ်နှင့်ကိုယ် သင်ကြားပေးလာသည်ကို တွေ့ရပါသည်။

ယနေ့လူငယ်၊ နောင်ဝယ်လူကြီးဖြစ်ကာ ဝန်းကျင်သစ်ကို လက်ဆင့်ကမ်းတည်ဆောက်ကြရာတွင် ပြည်သူ့နီတိကိုသင်ကြားနားလည်သိမြင်ထားကြသူတို့၏ ဝန်းကျင်သစ်နှင့်ပြည်သူ့နီတိကို နားမလည်ကြသောဝန်းကျင်သစ်တို့သည် ပြဒါးတစ်လမ်း၊ သံတစ်လမ်းဖြစ်လာနိုင်ပေသည်။

ပြည်သူ့နီတိ၏အနှစ်ချုပ်မှာ လူစည်းကမ်း၊ ပတ်ဝန်းကျင်စည်းကမ်း၊ အလုပ်ရှင်စည်းကမ်း၊ ကျောင်းစည်းကမ်း၊ မိသားစုစည်းကမ်းတို့အပါအဝင် ဂါရဝတရား၊ နိုဝါတတရား၊ ကိုယ်ကျင့်တရား၊ မေတ္တာတရားတို့ လွှမ်းခြုံထားခြင်းဖြစ်ပါသည်။

ယနေ့ကာလ၌ ဖော်ပြပါစည်းကမ်းများနှင့် ကျင့်သုံးသင့်သည့်တရားများ ခေါင်းပါးလာခြင်း၊ ပါးလျားလာခြင်းတို့ကို တွေ့ရသည်။ လောကကြီးကိုမဆိုထားနှင့် မိသားစုနှင့် ဆွေမျိုးစုတို့အတွင်းမှာပင် မေတ္တာ၊ ကရုဏာပျက်ယွင်းသည့်အခြေအနေများကို မြင်တွေ့လာရသည်။

မေတ္တာပျက်ယွင်းလာသောကြောင့် ကိုယ်ချင်းစာတရားခေါင်းပါးပြီး အတ္တစိတ်များ တစ်နေ့တခြား ကြီးမားလာကာ အမြင်မတင့်ဖွယ်ရာတို့ကို အတုံးလိုက်၊ အတစ်လိုက် မြင်တွေ့လာရသည်။ ဝတ္တရား၊ ကိုယ်ကျင့်တရား၊ ကိုယ်ချင်းစာတရားများပျက်ယွင်းသောကြောင့် မေတ္တာတရားများ ပျောက်ကွယ်လာရခြင်းဖြစ်သည်။

အခြေခံအားဖြင့် အတိတ်ကမျိုးစေ့များတွင် ပြည်သူ့နီတိဓာတ်ဩဇာများ မဖျန်းပက်ခဲ့သောကြောင့် ဖြစ်သည်။ ပြည်သူ့နီတိကွယ်ပျောက်၍ မေတ္တာတရားခန်းခြောက်ရသည်။ မေတ္တာတရားပျောက်၍ အတ္တဒိဋ္ဌကြီးပြီး လူစိတ်ပျောက်လာကြသည်။

မဟာဗောဓိမြြိုင်ဆရာတော်ကြီးဆုံးမသကဲ့သို့ ဒိဋ္ဌထိုအစွဲကို အမြစ်ပြတ်သုတ်သင်ရှင်းလင်းရေးမှာ အဓိကအချက်ဖြစ်ရာ အပင်မသန်၊ မျိုးစေ့မအောင်ခင်ကတည်းက ပြည်သူ့နီတိတည်းဟူသော ကျင့်ဝတ်နှင့် မေတ္တာဓာတ်တို့ကို ပက်ဖျန်းပေးထားရမည်ဖြစ်သည်။

ရခဲလှသောလူ့ဘဝ၏ မဂ်လာတရားများနှင့် မေတ္တာပျိုးခင်းသည် ဒိဋ္ဌတည်းဟူသော ပေါင်းမြက်ခင်းက အမြဲဖုံးအုပ်ဖို့ကြိုးပမ်းနေလေရာ မြေဘယ်လောက်ကောင်းကောင်း၊ မျိုးဘယ်လောက်မှန်မှန် နီတိကျင့်ဝတ်နှင့် မေတ္တာမိုးခေါင်နေသရွေ့ အပင်ရှင်သန်ဖြစ်ထွန်းမည်မဟုတ်ချေ။

ထို့ကြောင့် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ဖို့ ကျန်းမာရေးလေ့ကျင့်ခန်းများကို နေ့စဉ်လုပ်ရသကဲ့သို့ မျိုးစေ့မသန်ခင်ကတည်းက အသိဉာဏ်ရှင်သန်ထက်သန်စေရန် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

ကိုယ်ကျင့်တရားကောင်းမွန်စေရန် ပြည်သူ့နီတိကို မျိုးစေ့မရှင်သန်ခင်ကတည်းက ညွှန်ပြပြောဆိုပေးဖို့၊ လိုက်နာကျင့်ကြံတတ်ဖို့ အနီးကပ်သွန်သင်ပေးနေရမည်ဖြစ်သည်။ အမိအဖဆရာသမားနှင့် လက်ပွန်းတတီး နေထိုင်ကြရမည်ဖြစ်သည်။

ပြည်သူ့နီတိသည် လူမှုဘဝပျိုးခင်း၏ အခြေခံဩဇာကောင်းများဖြစ်၍ အပင်မသန်သေးသည့် မျိုးစေ့လောင်းများကို ပြည်သူ့နီတိဖြင့် ဝိုင်းဝန်းပျိုးထောင်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

စီးပွားရေးအကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

ရန်ကုန် မေ ၁၈

မြန်မာနိုင်ငံမှ Long Luck Group of Companies နှင့် ကိုရီးယားသမ္မတနိုင်ငံမှ HANBAEK ITC Co.,Ltd. တို့၏ စီးပွားရေးအကျိုးတူပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲအခမ်းအနားကို မေ ၁၆ ရက်နံနက် ၉ နာရီတွင် Traders Hotel ၌ ကျင်းပရာ Long Luck Group of Companies မှ စျေးကွက်ရှာဖွေရေးအမှူဆောင်အရာရှိ ဒေါ်စုယမင်းနှင့် ကိုရီးယားသမ္မတနိုင်ငံ HANBAEK ITC Co.,Ltd. မှ အမှူဆောင်အရာရှိချုပ် Mr. Oh Bock Hwan တို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုး၍ လဲလှယ်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတွင် ပုဂ္ဂလိကကဏ္ဍသည် အခြေခံကျသဖြင့် မိမိတို့အနေဖြင့် ပုဂ္ဂလိကကဏ္ဍရှင်သန်မှု အရှိန်အဟုန်မြင့်မားလာစေရန် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် လူမှုရေးတာဝန်ကျေပွန်သော စီးပွားရေးလုပ်ငန်းအဖွဲ့များ ဖြစ်ထွန်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ စီးပွားရေးအကျိုးတူပူးပေါင်းဆောင်ရွက်ကြမည့် ကုမ္ပဏီများအနေဖြင့်လည်း လူမှုရေးတာဝန်ကျေပွန်သော စီးပွားရေးလုပ်ငန်းတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

Long Luck Group of Companies နှင့် HANBAEK ITC Co.,Ltd. တို့သည် ကော့စမစ်တစ်အလှကုန်ပစ္စည်း ထုတ်လုပ်သည့် လုပ်ငန်း၊ အလှအပဆိုင်ရာပညာရပ်သင်တန်းကျောင်း၊ မဂ်လာဧည့်ခံပွဲဝန်ဆောင်မှုဆိုင်ရာလုပ်ငန်း၊ စွန့်ပစ်ပစ္စည်းမှလျှပ်စစ်စွမ်းအင်ထုတ်လုပ်သည့် လုပ်ငန်းနှင့် LED မီးသီးထုတ်လုပ်သည့် လုပ်ငန်းများကို အကျိုးတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ ကြီးကြပ်မှုဖြင့် တတိယအကြိမ်မြန်မာ့စားသောက်ကုန် ကုန်စည်ပြပွဲ ၂၀၁၃ ဖွင့်ပွဲအခမ်းအနားကို မေ ၁၇ ရက် နံနက် ၈ နာရီတွင် တပ်မတော်ခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးမြို့တော်ဝန် ဦးလှမြင့်၊ တိုင်းဒေသကြီးစီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်၊ UMFCCI ဥက္ကဋ္ဌဦးဝင်းအောင်နှင့် မြန်မာနိုင်ငံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့က ကုန်စည်ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြခန်းအတွင်း ကြည့်ရှုအားပေးကြသည်။ ပြပွဲတွင် ကုမ္ပဏီပေါင်း ၇၆ ခုမှ ပြခန်းပေါင်း ၁၂၄ ခန်း ပါဝင်ပြသပြီး မေ ၁၉ ရက်အထိ ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီနှင့် ကာတွန်းပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၈

ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူး၍ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲများအနက် ဇွန် ၈ ရက်တွင် ကာတွန်းပြိုင်ပွဲကို နံနက် ၉ နာရီမှ ၁၁ နာရီအထိနှင့် ပန်းချီပြိုင်ပွဲကို မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ လသာမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း မြည်လာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဇွန် ၉ ရက်တွင် ကွန်ပျူတာပန်းချီပြိုင်ပွဲကို နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ ကွန်ပျူတာတက္ကသိုလ်၌လည်းကောင်း၊ ပိုစတာပြိုင်ပွဲကို မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ လသာမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း မြည်လာခန်းမ၌လည်းကောင်း ကျင်းပမည်ဖြစ်သည်။

မေ ၁၄ ရက်မှစတင်၍ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် (၄၇) လမ်းရှိ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ ဒဂုံမြို့နယ် ပဒုမ္မာလမ်းရှိ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးနှင့် မဂ်လာတောင်ညွှန့်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးဘေးရှိ တကယ့်ဖြစ်ရပ်မှန်မှုခင်းမဂ္ဂဇင်းတိုက်တို့၌ ပြိုင်ပွဲဝင်ပုံစံများကို အခမဲ့ရယူပြီး ဖြည့်စွက်ပုံစံများကို ဇွန် ၇ ရက် နောက်ဆုံးထားကာ ပုံစံထုတ်ယူသည့် မည်သည့်နေရာသို့မဆို ပြန်လည်ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။ **(ကိုချစ်)**

မြန်မာ-ဆွီဒင်ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

ရန်ကုန် မေ ၁၈

ကျန်းမာရေးစောင့်ရှောက်မှုများ ပူးပေါင်း ဆောင်ရွက်နိုင်ရေးနှင့် ဆေးရုံသုံးပစ္စည်းများ၊ ဆေးပစ္စည်း တင်သွင်းမှု၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်မှု လုပ်ငန်းဆောင်ရွက်လုပ်ကိုင်နိုင်မည့် အခွင့်အလမ်း၊ မြန်မာနိုင်ငံ၏ ခရီးသွားသယ်ယူပို့ဆောင်ရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ၊ ဆွီဒင်နိုင်ငံမှ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာနှင့် ဆေးလုပ်ငန်းရှင်များ ပါဝင်သောအဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်ရန်တို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်း၊ ဒေါက်တာမောင်မောင်လေး၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်နှင့် ဗဟို အလုပ်အမှူဆောင်များသည် ထိုင်းနိုင်ငံအခြေစိုက် ဆွီဒင်စီးပွားရေးသံမှူး Mr. Hakan Nyiander နှင့်ဆွီဒင် ကူးသန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကောင်စီမှ Mr. Erik Holgersson တို့နှင့် မေ ၈ ရက်နံနက်ပိုင်းတွင် အသင်းချုပ်ရုံး၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် မေ ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ကျင်းပမည့် ဒုတိယအကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရေထိပ်သီးအစည်းအဝေးနှင့် ဗန်ကောက်မြို့၌ ကျင်းပမည့် (၁၀)ကြိမ်မြောက် ကုလသမဂ္ဂ ဗုဒ္ဓနေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ရန် ယနေ့ညနေ ၃ နာရီတွင် မြန်မာ့လေကြောင်း အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ချင်းမိုင်မြို့သို့ ထွက်ခွာသွားသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးခင်ဇော်၊ ဒေါက်တာဒေါ်သက်သက်ဇင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ကျင်းပမည့် ဒုတိယအကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရေထိပ်သီး အစည်းအဝေးနှင့် ဗန်ကောက်မြို့၌ကျင်းပမည့် (၁၀)ကြိမ်မြောက် ကုလသမဂ္ဂ ဗုဒ္ဓနေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၉-၅-၂၀၁၃ (တနင်္ဂနွေနေ့)

- ၆း၀၃ တရားတော်
- ၆း၅၅ မြန်မာသံစဉ်ချိုနားဝင်
- ၇း၁၀ ကျန်းမာသုတ
- ၈း၃၀ Shopping အစီအစဉ်များ
- ၁၁း၂၉ ကာတွန်းအစီအစဉ်
- ၁၁း၄၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -မြားနတ်မောင်ရဲ့ရွှေဖူးစာ
- ၁း၃၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဒဏ်ရာများနဲ့ချစ်သူ" (အပိုင်း-၄၈)
- ၅း၂၀ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
- ၆း၃၅ ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချိုမြိန်သောဘဝ" (အပိုင်း-၉) -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "Forces Special" (အပိုင်း-၂)(ဇာတ်သိမ်း) -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်ခြင်းဖြင့်ဖန်ဆင်းသော ဟင်းလျာ" (အပိုင်း-၂)

အာရှ-ပစိဖိတ်ဆိုင်ရာ ကင်းထောက်အဖွဲ့အစည်းကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံ ကင်းထောက်ကြီးများ၊ ကင်းထောက်လူငယ်များ မှတ်တမ်းဓာတ်ပုံ ရိုက်ကြစဉ်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ ကင်းထောက်အဖွဲ့အစည်းကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံ ကင်းထောက်များတွေ့ဆုံ

နေပြည်တော် မေ ၁၈

အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့အစည်း ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံကင်းထောက်ကြီးများ၊ ကင်းထောက်လူငယ်များတွေ့ဆုံပွဲကို ယနေ့နံနက် ၉ နာရီတွင် အထက(၄)အလုံ သီရိရတနာခန်းမ၌ ကျင်းပရာ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် Chairman of Asia and Pacific Regional Committee Dr. Chao Shao-Po က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ကင်းထောက်ကြီးများက အတွေ့အကြုံများကို ရှင်းလင်းပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထူးထူးခြားခြား အင်ဒိုနီးရှားနိုင်ငံက သစ်မြစ်တံတား

မောင်သာယာ

လွန်ခဲ့သည့် နှစ်ပေါင်းတစ်ရာကျော်က အင်ဒိုနီးရှားနိုင်ငံ အနောက်ဆူမားကြား၌ ရေစီးကြမ်းသည့် မြစ်လက်တက်ချောင်းတစ်ခု၏ ကမ်းနှစ်ဖက်တွင်တည်ရှိသော ရွာငယ်နှစ်ရွာကို ပေါင်းကူးဆက်သွယ်ပေးသည့် အရှည် ၃၀ မီတာရှိသော သစ်မြစ်တံတားတစ်စင်းမှာ ဒေသခံရွာသားတို့၏ အပြန်အလှန် ကူးသန်းရောင်းဝယ်ရေးကို အထောက်အကူပြုခဲ့သည်။ ယနေ့အချိန်တွင် ဂျန်ဘာတန်အကာဟု လူသိများသော အဆိုပါ သစ်မြစ်တံတားမှာ ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်ရာ နေရာတစ်ခုအဖြစ် လူသိများထင်ရှားလျက်ရှိသည်။

ဒေသခံများ၏ အဆိုအရ ထူးဆန်းလှသည့် သစ်မြစ်တံတားကို ၁၈၉၀ ခုနှစ်တွင် ပါခင်ဆိုဟန်ဆိုသည့် ကျောင်းဆရာတစ်ဦးက ဖန်တီးခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ ဆိုဟန်က တစ်ဖက်ရွာတွင်ရှိသော တပည့်များ ၎င်း၏စာသင်ကျောင်းသို့ ပုံမှန်လာရောက်ရန် အခက်အခဲရှိသည့်အတွက် ချောင်းကမ်းဘေးတစ်ဖက်တစ်ချက်တွင် ညောင်ပင်နှစ်ပင်ကို စိုက်ပျိုးပြီး ထွက်လာသော ညောင်မြစ်များဖြင့် တံတားတစ်စင်း ဖန်တီးခဲ့ခြင်းဖြစ်သည်။ ဒေသခံများ ကုန်စည်ဝန်များဖြင့် ခိုင်ခိုင်ခံ့ခံ့သွားလာနိုင်ရန် ၂၆ နှစ်ခန့်အချိန်ပေး တည်ဆောက်ခဲ့ရပြီး နှစ်များကြာလာသည်နှင့်အမျှ ပိုမိုခိုင်ခံ့လာခဲ့သည်။

အမြင့် ၁၀ ပေရှိသည့် အဆိုပါ သဘာဝညောင်သစ်မြစ်တံတားပေါ်မှ မိုးရွာနေချိန်ဖြတ်သန်းသွားလာမည်ဆိုလျှင်တော့ မိုးရေကြောင့် သစ်မြစ်များက ချော်နေသည့်အတွက် အနည်းငယ် အန္တရာယ်ရှိသည်။ မည်သို့ဆိုစေ ဂျန်ဘာတန်အကာ ညောင်မြစ်တံတားမှာ အနောက်ဆူမားကြားမှ ရွာနှစ်ရွာကို ရာစုနှစ်တစ်စုနီးပါး ပေါင်းကူးဆက်သွယ်မှု၏ ပြယုဂ်တစ်ခုဖြစ်ခဲ့ပြီး ယနေ့အချိန်အခါတွင် အင်ဒိုနီးရှားနိုင်ငံတွင်းမှရော ပြည်ပနိုင်ငံများမှ ခရီးသွားများပါ ဂျန်ဘာတန်အကာ ညောင်မြစ်တံတားသို့ လာရောက်လည်ပတ်၍ အမှတ်တရ ဓာတ်ပုံများ ရိုက်ကူးလျက်ရှိကြသည်။



ကမ္ဘာတစ်ဝန်းရှိ အမေရိကန်သံရုံးများ လုံခြုံရေး ရန်ပုံငွေပိုမိုထောက်ပံ့ပေးရန် သမ္မတအိုဘားမား တိုက်တွန်း

ဝါရှင်တန် မေ ၁၈

ကမ္ဘာတစ်ဝန်းရှိ အမေရိကန်သံရုံးများ လုံခြုံရေးအတွက် ရန်ပုံငွေပိုမိုထောက်ပံ့ပေးရန် သမ္မတ ဘာရတ်အိုဘားမားက ကွန်ဂရက်လွှတ်တော်အား တိုက်တွန်းလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

လစ်ဗျားနိုင်ငံ ဘန်ဂါဇီမြို့ရှိ အမေရိကန်ကောင်စစ်ဝန်ရုံး၌ ၂၀၁၂ခုနှစ် စက်တင်ဘာ ၁၁ရက်က အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် လုံခြုံရေးစောင့်ကြပ်နေသော လစ်ဗျားစစ်သားတစ်ဦး၏ မှတ်တမ်းပုံ။

လစ်ဗျားနိုင်ငံအရှေ့ပိုင်း ဘန်ဂါဇီမြို့ရှိ အမေရိကန်ကောင်စစ်ဝန်ရုံးတိုက်ခိုက်ခံခဲ့ရသည့် ဖြစ်ရပ်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးခဲ့သော အမေရိကန် နိုင်ငံခြားရေးဌာနလေ့လာသုံးသပ်ရေးအဖွဲ့၏ အကြံပြုချက်အရ မိမိတို့၏ သံရုံးများလုံခြုံရေးအတွက် တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိ ကတိကဝတ်ပြုခဲ့သည့် အတိုင်း ပင်လယ်ရပ်ခြားနိုင်ငံများရှိ အမေရိကန်သံရုံးများ လုံခြုံရေးအတွက်ဆောင်ရွက်နိုင်ရန် ကွန်ဂရက်လွှတ်တော်က ရန်ပုံငွေတိုးမြှင့်ပေးသင့်ကြောင်း သမ္မတ အိုဘားမားက ပြောကြားသည်။

အမေရိကန်သံရုံးများ လုံခြုံရေးအတွက် အစိုးရအဖွဲ့တစ်ရပ်တည်းက ဆောင်ရွက်နိုင်မည် မဟုတ်ဘဲ ကွန်ဂရက်လွှတ်တော်၏ ပူးပေါင်းဆောင်ရွက်မှုရယူရန် လိုအပ်ကြောင်း အိုဘားမားက အိမ်ဖြူတော်တွင် သတင်းထောက်များအား ပြောကြားသည်။ **ဝါရှင်တန်ပို့စ်။**

ကိုရီးယားတွင် ရွှေ့လျားဒုံးပစ်စင် ၂၀၀ကျော်အထိ ရှိလာနိုင်ဟုဆို

ဆိုးလ် မေ ၁၈

မြောက်ကိုရီးယားနိုင်ငံ၌ ရွှေ့လျားဒုံးပစ်စင်အရေအတွက်သည် ယခင်ကခန့်မှန်းခဲ့သည်ထက် နှစ်ဆအထိ ပိုမိုရှိလာနိုင်ကြောင်း တောင်ကိုရီးယားအစိုးရစစ်ရေးလေ့လာသုံးသပ်သူများ၏ သုံးသပ်ချက်ကို မေ ၁၇ရက်သတင်းများတွင် ဖော်ပြသည်။

မြောက်ကိုရီးယား၏ ဒုံးကျည်ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ပင်တဂွန်၏ မှတ်တမ်းကို လေ့လာခဲ့ပြီးနောက် တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာန ကျွမ်းကျင်ပညာရှင်များက ယင်းနိုင်ငံ၏ ရွှေ့လျားဒုံးပစ်စင်အရေအတွက်ကို ပြင်ဆင်ခန့်မှန်းခဲ့ခြင်းဖြစ်ကြောင်း ယွန်ဟပ်သတင်းဌာနက ဖော်ပြသည်။

လောလောဆယ်ခန့်မှန်းချက်များအရ မြောက်ကိုရီးယားနိုင်ငံအနေဖြင့် တာလတ်ပစ်ဒုံးပစ်စင် ၅၀နှင့် တာတိုပစ် ဒုံးပစ်စင် ၁၅၀ကျော်ရှိမည်ဟုဆိုသည်။

မြောက်ကိုရီးယားနိုင်ငံတွင် ရွှေ့လျားဒုံးပစ်စင် ၉၄ခုအထိရှိမည်ဟု တောင်ကိုရီးယားနိုင်ငံက ယခင်က ခန့်မှန်းထားသည်။

အမေရိကန်ပင်တဂွန်စစ်ဌာနချုပ်မှ ထုတ်ပြန်ချက်များအရ မြောက်ကိုရီးယားနိုင်ငံသည် စီးပွားရေးအကျပ်အတည်းများနှင့် ရင်ဆိုင်နေရချိန်မှာပင် ဒုံးကျည်ပစ်စင်များကို တိုးချဲ့ခဲ့သည်ဟု တောင်ကိုရီးယားသုတေသီများက ပြောကြားကြသည်။

မြောက်ကိုရီးယားနိုင်ငံသည် တာလတ်ပစ်ဒုံးကျည်တစ်စင်းကို ပစ်စင်မှ ဖယ်ရှားပေးခဲ့ပြီးနောက် ပင်တဂွန်က ယင်းနိုင်ငံ၏ဒုံးကျည်အင်အားကို ခန့်မှန်းဖော်ပြခဲ့သည်။

တောင်ကိုရီးယားအစိုးရ ကာကွယ်ရေးဌာနသည် ပင်တဂွန်၏ လေ့လာသုံးသပ်ချက်မှတ်တမ်းများနှင့်ပတ်သက်၍ ဝေဖန်ပြောကြားခြင်းဖြစ်သည်။

ယွန်ဟပ်။

ပြုံယမ်း၌ မြုလုပ်သောစစ်ရေးပြ အခမ်းအနားတစ်ရပ်တွင် ဒုံးကျည်တင်ယာဉ်များကို တွေ့ရစဉ်။

ပြေထဲပင်လယ်၌ သဘာဝဓာတ်ငွေ့သိုက်တွေ့ရှိ

တဲလ်အဗစ် မေ ၁၈

အစ္စရေးနိုင်ငံသည် မြေထဲပင်လယ်ဒေသ၌ သဘာဝဓာတ်ငွေ့သိုက်ကြီးတစ်ခုကို ထပ်မံရှာဖွေတွေ့ရှိရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၁၈ရက်တွင် သတင်းထုတ်ပြန်သည်။

ဟိုင်ဖာမြို့ အနောက်မြောက်ဘက် ၇၅ကီလိုမီတာအကွာ ကာရစ်-၁ ကမ်းလွန်ရေနံတွင်း၌ ဓာတ်ငွေ့သိုက်ကြီးတစ်ခုကို ရှာဖွေတွေ့ရှိရကြောင်း ဒီလက်အုပ်စုဥက္ကဋ္ဌ ဂီဒီယွန်တက်မိုးက ပြောကြားသည်။

အစ္စရေး ပင်လယ်ကမ်းရိုးတန်းကမ်းလွန်၌ ဓာတ်ငွေ့သိုက်ကို ရှာဖွေတွေ့ရှိရခြင်းဖြင့် စွမ်းအင်လုပ်ငန်းတိုးတက်ဖွံ့ဖြိုးလာမည်ဟု မျှော်လင့်ရကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါဓာတ်ငွေ့သိုက်၌ ဓာတ်ငွေ့ကုဗမီတာ ၅၃၅ဘီလီယံ ကိန်းအောင်းနေသည်ဟု ယူဆရကြောင်း ၎င်းက ပြောကြားသည်။

ဝီတီအိုင်။

အီရန်မှ ရေနံစိမ်းဝယ်ယူတင်သွင်းမှု တောင်ကိုရီးယား လျှော့ချ

ဆိုးလ် မေ ၁၈

တောင်ကိုရီးယားနိုင်ငံသည် အီရန်နိုင်ငံမှ ရေနံစိမ်းဝယ်ယူတင်သွင်းမှုကို လျှော့ချခဲ့ကြောင်း အကောက်ခွန်ဌာနက ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြသည်။

ကမ္ဘာပေါ်တွင်ပဉ္စမမြောက်အများဆုံးရေနံဝယ်ယူတင်သွင်းသော တောင်ကိုရီးယားနိုင်ငံ၏ ရေနံစိမ်းဝယ်ယူတင်သွင်းမှုသည် နှစ်အလိုက်နှိုင်းယှဉ်ချက်အရ ဧပြီလတွင် ၅၁ရာခိုင်နှုန်းကျဆင်းခဲ့သည်။ တောင်ကိုရီးယားနိုင်ငံသည် လွန်ခဲ့သည့်လက ရေနံစိမ်းမက်ထရစ်တန် ၅၀၇၈၂၁ တန်ကို ဝယ်ယူတင်သွင်းခဲ့သည်။ ၂၀၁၂ခုနှစ် ဧပြီလကမူ တန်ချိန် ၁၆သမ ဝ၄သန်း ဝယ်ယူခဲ့မှုနှင့် နှိုင်းယှဉ်နိုင်သည်။

တောင်ကိုရီးယားနိုင်ငံသည် မတ်လတွင် ရေနံစိမ်း ၅၅၆၆၅၈ တန် ဝယ်ယူတင်သွင်းခဲ့ကြောင်း၊ ဧပြီလတွင် တစ်ရက်လျှင် ရေနံစည် ၁၂၄၀၀၀ခန့် နှုန်းဖြင့် ဝယ်ယူခဲ့ကြောင်း အကောက်ခွန်ဌာန၏အစီရင်ခံစာတွင် ဖော်ပြသည်။

ပါရှန်ပင်လယ်ကွေ့ရှိ အီရန်နိုင်ငံမှ ရောင်းချသော ရေနံစိမ်းများကို တင်ဆောင်သည့် ရေနံတင်သင်္ဘောများအတွက် အာမခံထားရှိမှုကို ပိတ်ပင်ရန် ဥရောပသမဂ္ဂက အစီအစဉ်တစ်ရပ် ချမှတ်ခဲ့ပြီးနောက် ယင်းနိုင်ငံမှ ရေနံစိမ်းဝယ်ယူတင်သွင်းမှုကို တောင်ကိုရီးယားနိုင်ငံက လျှော့ချခဲ့သည်။

ချိုဆန်အီတို။

ပြောက်ကိုရီးယားက တာတိုပစ်ဒုံးကျည် သုံးစင်း စမ်းသပ်ပစ်လွှတ်ဟုဆို

ဆိုးလ် မေ ၁၈

မြောက်ကိုရီးယားသည် ၎င်း၏ အရှေ့ဘက် ပင်လယ်ပြင်သို့ တာတိုပစ် ပဲ့ထိန်းဒုံးကျည်သုံးစင်းကို ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယားက စနေနေ့တွင် ပြောကြားသည်။

ပြီယမ်းသည် ဤကဲ့သို့သော ဒုံးကျည်များကို ပုံမှန်စမ်းသပ်ပစ်လွှတ်သည်။

မြောက်ကိုရီးယားသည် စနေနေ့ နံနက်ပိုင်းတွင်နှစ်စင်း၊ ညနေပိုင်းတွင် တစ်စင်း ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီး ကင်မင်ဆွတ်က ပြောသည်။ သို့သော် ၎င်း၏ ရည်ရွယ်ချက်ကိုမူ ရှင်းလင်းစွာ မသိပါဟု ဝန်ကြီးက ထပ်လောင်း ပြောဆိုခဲ့သည်။

မတ်လ အတွင်းကလည်း မြောက်ကိုရီးယားသည် ၎င်း၏ အရှေ့ဘက်ကမ်းလွန်ရေပြင်တွင် တာတိုပစ်ဒုံးကျည်နှစ်စင်းစမ်းသပ်ပစ်လွှတ်ခဲ့သည်။

ဘီဘီစီ။



မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း
(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၇၄ ခုနှစ်၊ လ ရက်
(၂၀၁၃ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေ ပုဒ်မ ၁၊ ပုဒ်မခွဲ (ခ)၏ နောက်၌ ပုဒ်မခွဲ(ဂ)နှင့်(ဃ)တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(c) to, and to the persons on, aircraft registered outside the Union but for the time being in or over the Union;and

(d) to an aircraft operated by a person who is not a citizen of the Union but has his principal place of business in the Union."

၃။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေ ပုဒ်မ ၂တွင်-

(က) ပုဒ်မခွဲ(၁)အား အောက်ပါအတိုင်း အစားထိုးရမည်-

"(1) **"aircraft"** means any machine which can drive support in the atmosphere from reactions of the air, other than reactions of the air against the earth's surface and includes balloons, whether fixed or free, airships, kites, gliders and flying machines;"

(ခ) ပုဒ်မခွဲ (၂)၏ နောက်၌ ပုဒ်မခွဲ (၃)၊ (၄) နှင့် (၅)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(3) **"aerodrome reference point"** in relation to any aerodrome, means a designated point established in the horizontal plane at or near the geometric centre of that part of the aerodrome reserved for the departure or landing of aircraft;"

"(4) **"air navigation services"** means air traffic management, communication navigation and surveillance, aeronautical information services, aeronautical chart, procedure air navigation operations, aviation meteorology and search and rescue;"

"(5) **"Safety Oversight"** means a function by means of which ICAO Contracting States ensure effective implementation of the safety related Standards and Recommended Practices (SARPs) and associated procedures contained in the Annexes to the Convention on international Civil Aviation and related ICAO documents."

(ဂ) ပုဒ်မခွဲ (၃)နှင့်(၄)တို့ကိုပုဒ်မခွဲ(၆)နှင့်(၇)တို့အဖြစ် ပြောင်းလဲသတ်မှတ်ရမည်။

၄။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေ ပုဒ်မ ၄တွင် ပါရှိသော "and any amendment which may be made thereto under the provisions of Article 94, thereof." ဆိုသည့် စကားရပ်ကို "including any annex thereto relating to international standards and recommended practices as amended from time to time." ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေ ပုဒ်မ ၄၏ နောက်တွင် ပုဒ်မ ၄-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

Safety Oversight functions

"4A. The Director General of the Department of Civil Aviation or any other officer specially empowered in this be half by the President of the Union shall perform the safety oversight functions in respect of matters specified in this Act or the rules made there under."

၆။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (၂)တွင်-

(က) ပုဒ်မခွဲငယ် (ခ)၌ ပါရှိသော "the licensing, inspection" ဆိုသည့် စကားရပ်ကို "the licensing , certification, inspection" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "unlicensed aerodromes" ဆိုသည့် စကားရပ်ကို unlicensed or uncertified aerodromes" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

(ခ) ပုဒ်မခွဲငယ် (ဆ)၏ နောက်၌ အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ga) the licensing of persons engaged in air traffic control;

(gb) the certification, inspection and regulation of air navigation services or air traffic management facilities;

(gc) the certification, inspection and regulation of Training Organization and Aircraft Maintenance Organization;

(gd) the measures to safe guard civil aviation against acts of unlawful interference;"

(ဂ) ပုဒ်မခွဲငယ် (current)၌ ပါရှိသော"the safety of life;" ဆိုသည့် စကားရပ်ကို "the safety of life and the limitation and regulation of aircraft noise and engine emission;" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) ပုဒ်မခွဲငယ်(ထ)၏ နောက်၌ အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(qq) the prohibition of slaughtering and flaying of animals and of depositing rubbish, filth and other polluted and obnoxious matter within a radius of ten kilometers from the aerodrome reference point; and"

၇။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေ ပုဒ်မ ၅-ကတွင်-

(က) ပုဒ်မခွဲ(ခ)၌ ပါရှိသော "make such rules as may be necessary" ဆိုသည့် စကားရပ်ကို "make such rules,regulations and by-laws as may be necessary" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(c) For the implementation of the provision of this Act, the Ministry of Transport may issue necessary notifications, orders, directives and notices and specially empowered to the Director General of the Department of Civil Aviation to issue necessary notifications, orders, requirements, directives and procedures for any matters specified in clauses (aa),(b), (c),(e),(f),(g),(ga),(gb),(gc), (gd),(h),(i),(j), (m),(n),(o) and (q)."

၈။ မြန်မာနိုင်ငံလေယာဉ် အက်ဥပဒေပုဒ်မ ၇တွင် ပါရှိသော "accident" ဆိုသည့်စကားရပ်ကို "accident or serious incident" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "accidents" ဆိုသည့် စကားရပ်ကို "accidents or serious incidents" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၉။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေပုဒ်မ ၈-ခ၏ နောက်တွင် ပုဒ်မ ၈-ဂ ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

Power of President to make rules for securing safe custody and re-delivery of unclaimed property

"8C.(1) Subject to the provisions of section 14, the President of Union may, by notification in the Official Gazette, make rules which may provide for securing the safe custody and re-delivery of any property which, while not in proper custody, is found on any aerodrome or in any aircraft on any aerodrome and any such rules may, in particular,provide for-

(a) the payment of charges in respect of any such property before it is re-delivered to the person entitled thereto; and

(b) the disposal of any such property in cases where the same is not re-delivered to the person entitled thereto before the expiration of such period as may be specified therein."

၁၀။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေပုဒ်မ ၉-ကကို အောက်ပါအတိုင်း အစားထိုးရမည်-

Power of President to prohibit or regulate construction of buildings, planting of trees etc

"9A.(1) If the President is of opinion that it is necessary or expedient so to do for the safety of aircraft operations,it may,by notification in the Official Gazette,-

(a) direct that no building or structure shall be constructed or erected, or no tree shall be planted on any land within such radius, not exceeding ten kilometers from the aerodrome reference point, as may be specified in the notification and where there is any building, structure or tree on such land,also direct the owner or the person having control of such building, structure or tree to demolish such building or structure or,as the case may be, to cut such tree within such period as may be specified in the notification;

(b) direct that no building or structure higher than such height as may be specified in the notification shall be constructed or erected, or no tree, which is likely to grow or ordinarily grows higher than such height as may be specified in the notification, shall be planted, on any land within such radius, not exceeding ten kilometers from the aerodrome reference point,as may be specified in the notification and where the height of any building or structure of tree on such land is higher than the specified height, also direct the owner or the person having control of such building structure or tree to reduce the height there of so as not to exceed the specified height, within such period as may be specified in the notification.

(2) in specifying the radius under clause (a) or clause (b) of sub-section (1)and in specifying the height of any building, structure or tree under the said clause (b), the President shall have regard to-

(a) the nature of the aircraft operated or intended to be operated in the aerodrome; and

(b) the international standards and recommended practices governing the operations of aircraft.

(3) Where any notification has been issued under sub-section(1) directing the owner or the person having control of any building, structure or tree to demolish suchbuilding or structure or to cut such tree or to reduce the height of any building, structure or tree, a copy of the notification containing such direction shall be served on the owner or the person having the control of the building, structure or tree,as the case may be,-

(a) by delivering or tendering it to such owner or person; or

(b) if it cannot be so delivered or tendered,by delivering or tendering it to any officer of such owner or person or any adult male member of the family of such owner or person or by affixing a copy thereof on the outer door or on some conspicuous part of the premises in which such owner or person is known to have last resided or carried on business or personally worked for gain; or failing service by these means;

(c) by post.

(4) Every person shall be bound to comply with any direction contained in any notification issued under sub-section (1)."

၁၁။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေ ပုဒ်မ ၉-ဂ၏ နောက်၌ ၉-ခ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

Payment of Compensation

"9B. If in consequence of any direction contained in any notification issued under sub- section (1) of section 9 A, any person sustains any loss or damage, such person shall be paid compensation. Where the amount of compensation may be fixed by agreement, it shall be paid in accordance with such agreement;"

၁၂။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေ ပုဒ်မ ၁၁ ၏နောက်တွင် ၁၁-ဂ နှင့် ၁၁-ခ တို့အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

Penalty for failure to comply with directions issued under section 5 A.

"11A. whoever wilfully fails to comply with any notifications, orders, notices and directives issued under sub-section (c) of section 5 A, shall be punishable with imprisonment for a term which may extend to one month or with fine which may extend to kyats 20,000 or with both.

Penalty for failure to comply with directions issued under section 9 A.

11 B.(1) If any person wilfully fails to comply with any direction contained in any notification issued under section 9 A, he shall be punishable with fine.

(2) Without prejudice to the provisions of sub-section (1), if any person fails to demolish any building or structure or cut any tree or fails to reduce the height of any building, structure or tree in pursuance of any direction contained in any notification issued under sub-section (1) of section 9 A within the period specified in the notification, then, subject to such rules as the President may make in this behalf, it shall be competent for any officer authorized by the President in this behalf to demolish such building or structure or cut such tree or reduce the height of such building, structure or tree: Provided that the power to make rules under this sub-section shall be subject to the provisions of section 14."

၁၃။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေ ပုဒ်မ ၁၆ ၏ နောက်တွင် ၁၆-က နှင့် ၁၆-ခ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"16 A. The President of the Union of Myanmar may delegate to the Ministry of Transport the power to grant the permission for import or export of aircraft and its spares, tools or equipment without the need to obtain an import or export license.

16 B. The President of the Union of Myanmar may exempt or relieve from import duties and other taxes in respect of aircraft and its spares, tools or equipment, subject to compliance with the customs regulations."

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

တရားတော်နှင့် မေတ္တာဘာဝနာ တန်ခိုး

ရဲအောင်

၁၇-၅-၂၀၁၃ ရက်နေ့ဟာ မြန်မာပြည်သူအပေါင်း နှလုံးစိတ်ဝမ်း ရွင်လန်းချမ်းမြေ့ကြပြီး တိုင်းပြည်အတွက် မင်္ဂလာအပေါင်းနှင့် ပြည့်စုံတဲ့ ရက်ကောင်းရက်မြတ် တစ်ရက်ဖြစ်ပါသည်။ အကြောင်းကတော့ မြန်မာပြည်သူများရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ရက်တော်တော်ကြာ ခြိမ်းခြောက်နေခဲ့တဲ့ မဟာစင်ဆိုင်ကလုန်း မုန်တိုင်းကြီးဟာ တောင်ပံကျိုးတဲ့ငှက်လို ခေါင်းငိုက်စိုက်ချပြီး ကွယ်ပျောက်သွားတဲ့ နေ့ရက်မို့ပါ။ စာရေးသူတို့ထက် ရခိုင်ပြည်နယ်က သွေးချင်းပြည်သူများက အဆပေါင်းများစွာ ပိုမိုပျော်ရွှင်ဝမ်းသာနေကြမှာပါ။ စာရေးသူတို့ ပြည်သူများဟာ လေဖိအားနည်းရပ်ဝန်းဖြစ်တဲ့နေ့ကစပြီး မုန်တိုင်းသတင်းကို အချိန်နှင့်အမျှ မလွတ်ရအောင် နားထောင်ခဲ့ကြရတာပါ။ ရင်တမမနဲ့ပေါ့။ အန္တရာယ်ကင်းစေကြောင်း မေတ္တာပို့ဆုတောင်းတွေလည်း ပြုနေကြတာပါ။

ယခုတစ်ကြိမ် မဟာစင်မုန်တိုင်း အန္တရာယ်အတွက် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ချက်များကတော့ အကြားအလင်းမရှိ ကွက်ပြည့်ပါပဲ။ နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင် ကြိုတင်စီမံညွှန်ကြားခဲ့သည်ကအစ အောက်ခြေ အဆင့်ဆင့်ထိ အသေးစိတ်စီမံချက်များနဲ့ ဆောင်ရွက်နေကြတယ်ဆိုတာ ခန့်မှန်းလို့ရပါတယ်။ တာဝန်ရှိပုဂ္ဂိုလ်များ သာမက တာဝန်သိပြည်သူများ၊ တာဝန်သိပုဂ္ဂလိက အဖွဲ့အစည်းများကလည်း မုန်တိုင်းအပြီး ကယ်ဆယ်ရေး အပိုင်းကို မိမိအသိစိတ်ဓာတ်တွေနဲ့ ပြင်ဆင်ခဲ့ကြတာကိုလည်း သတင်းများမှာ တွေ့မြင်သိရှိခဲ့ရပါတယ်။ တပ်မတော်သားများ၊ ကြက်ခြေနီမီးသတ်တပ်ဖွဲ့များ၊ ရပ်ကွက်လူငယ်များ၊ ရပ်မိရပ်ဖများကလည်း ကြိုတင်ပြင်ဆင်မှုအပိုင်းမှာ အင်နဲ့အားနဲ့ ဆောင်ရွက်ခဲ့ကြပါတယ်။ မုန်တိုင်းသတင်းကို အချိန်နဲ့တစ်ပြေးညီ ထုတ်လွှင့်ခဲ့တဲ့ သတင်းမီဒီယာများရဲ့ ကျေးဇူးကလည်း ကြီးမားလှပါတယ်။ မုန်တိုင်းအရေးမှာ အဓိကဇာတ်လိုက်ဖြစ်တဲ့ မိုးလေဝသနဲ့ ဇလဗေဒဦးစီးဌာနနဲ့ အထူးသဖြင့် ပြည်သူများကို ရှင်းခဲ့ လင်းခဲ့ဖြစ်အောင် ကွက်ကွက်ကွင်းကွင်း တင်ပြပြောဆိုနိုင်တဲ့ပညာရှင် ဒေါက်တာဦးထွန်းလွင်တို့ရဲ့ ပံ့ပိုးမှုဟာ ပြည်သူများအတွက် တန်ဖိုးမဖြတ်နိုင်ပါ။

ဒီနေရာမှာ စာရေးသူ အထူးတင်ပြဖော်ပြလိုတာ ရှိပါတယ်။ Sky Net ရုပ်သံလွှင့်ဌာနရဲ့ ဘာသာရေးဆိုင်ရာ ဆောင်ရွက်ချက်ဖြစ်ပါတယ်။ မဟာစင်မုန်တိုင်းရဲ့ ရှေ့ပြေးလေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်ချိန်ကစပြီး Sky Net ရဲ့ Buddha Channel မှာမင်းကွန်းဆရာတော်ကြီးရဲ့ ပဌာန်းတရားတော်နဲ့ မေတ္တာဘာဝနာ၊ တောင်တန်းသာသနာပြု ဆရာတော်ကြီးရဲ့ ပရိတ်တရားတော်များကို နေ့စဉ်အဆက်မပြတ် ထုတ်လွှင့်နေခဲ့ပါတယ်။ စာရေးသူလည်း အစကချက်ချင်း သဘောမပေါက်ပါ။ နောက်မှ မုန်တိုင်းဘေးအန္တရာယ်ကြောင့် မြတ်ဗုဒ္ဓ၏ စွမ်းအားကြီးမားလှတဲ့ တရားတော်များကို အရံအတားအဖြစ် ထုတ်လွှင့်နေကြောင်း သိရတဲ့အချိန်မှာ ဝိတိတွေတစ်ကိုယ်လုံး လွှမ်းခြုံသွားပါတယ်။ တရားတော် အသံတော်များရဲ့ နောက်ခံမြင်ကွင်းကလည်း ပင်လယ်ရေတွေ၊ မြစ်ချောင်းတွေ၊ တောတွေ၊ တောင်တွေဆိုတော့ တရားတော်တွေကို အဆိုပါ ဒေသများသို့ တိုက်ရိုက် ရောက်ရှိစေလိုတဲ့ ဆန္ဒက ဝိပြင်လှပါတယ်။

အဆိုပါ မွန်မြတ်လှတဲ့ ဆောင်ရွက်ချက်ကို စာရေးသူ ယခုလို ဆင်ခြင်နှလုံးသွင်းမိပါတယ်။ မြတ်ဗုဒ္ဓဟာ သတ္တဝါများကို မဟာကရုဏာဖြင့် ကယ်တင်ချေချွတ်ရန် ပွင့်တော်မူခဲ့ခြင်းဖြစ်ပါတယ်။ ဒါကြောင့် လောကုတ္တရာ အကျိုးသာမက လောကီအကျိုးအတွက်ပါ ဟောကြားဆုံးမခဲ့ပါတယ်။ လောကုတ္တရာ အကျိုးအတွက် စာရေးသူတို့ ပုထုဇဉ်များဟာ သိအောင် (ဉာတပရိညာ) ပြု၍ ကျင့်ကြံ (တီရဏပရိညာ) ကြိုးကုတ်ကာ (ပဟာနပရိညာ) ဆိုက်အောင် ကိုယ့်အားကိုယ်ကိုးကာ အားထုတ်ရမည်ဖြစ်ကြောင်းကိုလည်း နာယူသိရှိထားပါတယ်။ ထို့အတူ လောကီအကျိုးအတွက်လည်း ကံ၊ ဉာဏ်၊ ဝီရိယနဲ့ ကိုယ့်အားကိုယ်ကိုး ကြိုးစားလုပ်ကိုင်ကြရမှာ ဖြစ်ပါတယ်။ မြတ်ဗုဒ္ဓဟာ ကိုယ့်အားကိုယ်ကိုးရန်ပဲ ဟောကြားခဲ့ပါတယ်။

ယခု မုန်တိုင်းအရေး (လောကီအရေး)မှာ Sky Net ရဲ့ ဆောင်ရွက်ချက်ဟာ ကုသိုလ်ကောင်းမှုလုပ်ရင် ကောင်းတဲ့ကုသိုလ်အကျိုး၊ အကုသိုလ်လုပ်ရင် မကောင်းတဲ့ အကုသိုလ်အကျိုး ဖြစ်စေမယ်ဆိုတဲ့ "ကမ္မသ ကတာ သမ္မာဒိဋ္ဌိ" တရားတော်နဲ့အညီ စေတနာနဲ့ ပြုလုပ်ခဲ့တာပါ။ မြတ်ဘုရားရှင်ရဲ့ တရားတော်များကို ရွတ်ဖတ်ခြင်းဖြင့် ဘေးအန္တရာယ်များက ကင်းလွတ်စေတယ်ဆိုတဲ့ ကောင်းကျိုးကို ရရှိနိုင်ပါတယ်။ ဘေးအန္တရာယ်က မလွတ်နိုင်ရင်တောင် တရားတော်များကို နာကြားရခြင်းဆိုတဲ့ ဓမ္မသဝနကုသိုလ်ကို အနည်းဆုံး ရရှိစေပါတယ်။ ဒါကြောင့် ယခုဆောင်ရွက်ချက်ဟာ ထေရဝါဒ ဗုဒ္ဓတရားတော်နဲ့ လွန်စွာညီညွတ်လှပါတယ်။ ဉာဏ်ဆိုတဲ့ အပိုင်းတော့ ဒီနေရာမှာ နှလုံးသွင်းမှန်ကန်ခြင်းဆိုတဲ့ ယောနိသောမနသိကာရအနေနဲ့ယူရင် သင့်မြတ်မယ်လို့ ယူဆပါတယ်။ မဖြစ်သေးတဲ့ အကုသိုလ် (မကောင်းကံ၊ အန္တရာယ်ဆိုး)ကို မဖြစ်ပေါ်အောင် ပြုလုပ်ခြင်းပါ။ လောကီပိုင်းဆိုင်ရာ ကြိုတင်စီမံဆောင်ရွက်မှုတွေအပေါ်မှာ ကြီးစွာသော တရားအစွမ်းဖြင့် ပံ့ပိုးခြင်းပါပဲ။

ဝိရိယအပိုင်းတော့ အထူးမဖော်ပြလိုတော့ပါ။ အစီအစဉ်ဖြစ်မြောက်အောင် ဆောင်ရွက်ချက်တွေဟာ ဝိရိယတွေပါ။

စာရေးသူတို့ ပုထုဇဉ်တွေဟာ ဘေးအန္တရာယ်တစ်ခုခုနဲ့ ကြုံတွေ့ရပြီဆိုလျှင် အကြောက်တရားရဲ့ စေ့ဆော်မှုကြောင့် မြတ်ဗုဒ္ဓရဲ့တရားတော်၊ အလိုတော်တွေကို ဆန့်ကျင်ပြီး သူတစ်ပါးအားကိုးတဲ့ ယတြာတွေ၊ အဆောင်တွေ၊ ဟိုပုဂ္ဂိုလ်မေး၊ ဒီပုဂ္ဂိုလ်မေးဆိုတာတွေကိုပဲ လုပ်နေကြတဲ့သူတွေ များလှပါတယ်။ ယခု Sky Net ရဲ့ ဆောင်ရွက်ချက်ကတော့ ထေရဝါဒ ဗုဒ္ဓနည်းကျဖြစ်ကြောင်း စာရေးသူခံယူမိပါသည်။ ပြည်သူဖြစ်တဲ့ စာရေးသူဟာ ဒီဆောင်းပါးကို ပုဂ္ဂိုလ်ရေးမပါ၊ စီးပွားရေးမပါ။ (Sky Net ပိုင်ရှင်တွေကို ရုပ်/သံမှာပဲ မြင်ဖူးပါတယ်) ဘာသာရေးအမြင်နဲ့ ဆင်ခြင်နှလုံးသွင်း၍ စာရှုသူများကို မျှဝေခြင်းဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် အန္တရာယ်ကြီးလှတဲ့ မဟာစင်မုန်တိုင်းကြီးကို နိုင်ငံ့ခေါင်းဆောင်များမှသည် အောက်ခြေအဆင့်ဆင့်ထိ စည်းလုံးညီညွတ်စွာ ပူးပေါင်းကာကွယ်လုပ်ဆောင်ခဲ့ကြခြင်း၊ ရခိုင်ပြည်နယ်က ရဟန်းသံယာတော်များကလည်း စက်လှေသေးသေးလေးကို စီးနင်းကာ ပရိတ်တရားတော် ရွတ်ဖတ်ခဲ့ကြသည့် ကုသိုလ်ကံ အရှိန်အဟုန်နှင့် သီလ၊ သမာဓိ၊ ပညာ ကြီးမားလှသည့် ဆရာတော်ကြီးများရဲ့ ဗုဒ္ဓတရားတော်များကို လွှင့်ထုတ်ရွတ်ဖတ်ခဲ့သည့် နက်ရှိုင်းလှသည့် တရားစွမ်းအင်ကြီးများက မြန်မာပြည်သူများကို ကယ်တင်လိုက်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

ပွဲခါညောင်ရေသွန်းမြေပေ

❖ ရွက်ဟောင်းညာကြွေ
ရွက်သစ်ဝေ နွေမကုန်သေးပါဘူး
လေအဟုန်သွေးကာ မင်းလွင်မြူးပါလို့
ထူးတဲ့ရာသီ။

❖ ပျံ့မွှေးထုံစွာ
ခိုင်ရှည်ညာစကားဝါပန်းတွေနဲ့
ဖြူနီပြာရာသီပန်းတွေက
ပွင့်လန်းဝေစည်။

❖ နွေအလှကဆုန်
လပြည့်ကြုံသည်ချိန်ခါပေါ့
သုမေဓာ ဆုချွေကာဗျာဒီတပန်းကိုဖြင့်
ဆင်မြန်းကာ အကြောင်းမျှော်ကြည့်ပြန်တော့
အလောင်းတော်သခင်ဖွားမြင်ခဲ့ပါလို့
ဟောဓိပင်ရှေ့ပလွင်နန်းမှာဖြင့်
စံမြန်းကာ တရားသခင် အစစ်ရယ်နဲ့
ဘုရားရှင်ဖြစ်ကာ နိဗ္ဗာန်မြင်လို့
စံဝင်တာသည်ကာလပါပဲ
ဗုဒ္ဓရဲ့မြတ်ဂုဏ်အင်
ဦးတင်ပါလို့ ထိပ်မှာထား။

❖ နွေနောင်းရက်ကျန်
သူရကန်အပူထန်လွန်းတာကြောင့်
ညောင်ရေသွန်းကာ ကုသိုလ်ပွဲတွေနဲ့
ဆင်နွှဲတာရိုးရာဓလေ့ပါပဲ
ပျော်မွေ့စွာ ပြည်ရွာတစ်ဝန်းမှာဖြင့်
အလှူအတန်းတွေ ပေးဝေကြပါလို့
သီလဘာဝနာ ကုသိုလ်အမှုတွေကြောင့်
သာဓုသံဘဝဂ်ယာညံရော့ထင့်
မြန်မာဟန်အသွင်အသွေးတွေနဲ့
ယဉ်ကျေးစွာ ပျော်ရွှင်တဲ့ပွဲကို
နွှဲကြစို့လား။ ။

ညွှန့်လှိုင်ဝင်း(ကွမ်းခြံကုန်း)

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုအခွင့်အရေးနှင့်ပတ်သက်၍ ရှင်းလင်း

နေပြည်တော် မေ ၁၈

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၉ ရက်က အမေရိကန်ပြည်ထောင်စု Texas ပြည်နယ် Houston မြို့ရှိ Reliant Park & Stadium ၌ ကျင်းပသည့် Offshore Technology Conference (OTC) 2013 ၏ Industry Breakfast သို့ တက်ရောက်၍ မြန်မာနိုင်ငံ ကမ်းလွန်ဒေသ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၌ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ ကမ်းလွန်ရေတိမ်ပိုင်းလုပ်ကွက်များနှင့် ရေနက်ပိုင်းလုပ်ကွက်များအတွက်International Bidding Round 2013 ခေါ်ယူထားရှိမှုအဆိုပြု တင်ပြရမည့် သတ်မှတ်အချက်အလက်များ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပါ ရင်းနှီးမြှုပ်နှံမှု အခွင့်အရေးတို့နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကာ ရေနံကုမ္ပဏီများ၏ ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့သည်။

မြန်မာကိုယ်စားလှယ် အဖွဲ့သည် မေ ၁၀ ရက်တွင် အမေရိကန်နိုင်ငံ အခြေစိုက် Chevron ရေနံကုမ္ပဏီ၏ ကမ္ဘာ့နိုင်ငံများတွင် လုပ်ကိုင်နေသည့် ရေနက်ပိုင်း လုပ်ကွက်များ၌ တွင်းတူးဖော်မှုများနှင့် Drilling Support Centre မှ ကြီးကြပ်ပေးနေမှုများ၊ ဆိုက်စမစ်နည်းပညာ အသုံးပြုကာ တိုင်းတာမှု၊ တွက်ချက်မှုနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်မှု ခန့်မှန်းခြင်းများ၊ ရေနက်ပိုင်းစီမံကိန်းများနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများအပေါ် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် US Department of State ၏ Principle Deputy Assistance Secretary, Bureau of Energy Resources, Mr. Robert F. Cekuta နှင့်တွေ့ဆုံကာ အမေရိကန်အစိုးရက မြန်မာနိုင်ငံစွမ်းအင်ဝန်ကြီးဌာနအား ပံ့ပိုးကူညီပေးရေး အဆိုပြုထားသည့် Energy Governance and Capacity Initiative (EGCI)၊ Medium & Long- Term Objectives for Oil and Gas Sector Capacity Building၊ Workshop on Competitive Building Procedure and Production Sharing Contract for Deepwater Exploration and Production တို့ကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ-အိုင်ယာလန် စီးပွားရေးဆိုင်ရာများဆွေးနွေး

ရန်ကုန် မေ ၁၈

မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်လိုသည့်ကိစ္စ၊ စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များရရှိရေးနှင့် အိုင်ယာလန်လုပ်ငန်းရှင်များအား အကူအညီပေးရေးကိစ္စတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိုင်ယာလန်သံအမတ်ကြီး H. E. Mr. Damien Cole၊ အိုင်ယာလန်စီးပွားရေးလုပ်ငန်းရှင်များပါဝင်သော အဖွဲ့တို့သည် မေ ၁၄ ရက် မွန်းလွဲပိုင်းတွင် အသင်းချုပ်ရုံး၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အသေးစားငွေရေးကြေးရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ ညီနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၁၈

အသေးစားငွေရေးကြေးရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ (၁/၂၀၁၃) ကြိမ်မြောက် ညီနှိုင်းအစည်းအဝေးအား ယနေ့ နေ့လယ်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ပြုလုပ်ရာ အသေးစားငွေရေးကြေးရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် **(ယာပုံ)**တက်ရောက်၍ အမှာစကား ပြောကြားရာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်း (၈)ရပ်အနက် အသေးစား ပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျ၍ လုပ်ငန်းပ မာဏ ကြီးမားကျယ်ပြန့်သည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကျေးလက်နေပြည်သူများနှင့် ဝင်ငွေနည်း ပြည်သူများထံ အသေးစားငွေကြေး ဝန်ဆောင်မှုများ ကျယ်ပြန့်စွာ ရောက်ရှိစေရေးနှင့် ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေး အတွက် စဉ်ဆက်မပြတ် လေ့လာသုံးသပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အသေးစား ငွေရေးကြေးရေး လုပ်ငန်း လုပ်ကိုင်ခွင့်ပြုပြီးသည့် အဖွဲ့အစည်းများအနေဖြင့် INGO ခြောက်ဖွဲ့၊ NGO ၁၂ ဖွဲ့၊ သမဝါယမ ၅စဖွဲ့၊ပြည်ပကုမ္ပဏီ နှစ်ဖွဲ့၊ ပြည်တွင်းကုမ္ပဏီ ၅၄ ဖွဲ့ စုစုပေါင်း ၁၄၂ ဖွဲ့ ဖြစ်ပြီး မတည်ငွေရင်းကျပ် ၂၀၉၇၇ ဒသမ ၁၇ သန်း ထုတ်ချေးငွေ ပမာဏ ကျပ် ၆၉၀၉၇ ဒသမ ၀၄ သန်း၊ စုဆောင်းငွေပမာဏ ၁၀၂၀၀ ဒသမ ၄၃ သန်း၊ အသင်းသားဦးရေ ၆၅၁၁၅ ဦးဖြင့် မြို့နယ်ပေါင်း ၁၆၇ မြို့နယ်၊ ရပ်ကွက်ပေါင်း ၁၄၄၇ ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၂၃၅၉ အုပ်စု၊ ကျေးရွာပေါင်း ၆၂၄၀ တွင် လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့ပြင် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ မှတ်ပုံတင်ခြင်း၊ လိုင်စင်လျှောက်ထားခြင်း လုပ်ငန်းများတွင် တွေ့ကြုံနေရသည့် အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်း ရှင်းလင်းတင်ပြရန် လိုအပ်ကြောင်း၊ အသေးစားငွေရေးကြေးရေး လုပ်ငန်း လုပ်ကိုင်ခွင့်ပြုပြီးသည့် အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှု ပမာဏ ကြီးမားကျယ်ပြန့်လာသည်နှင့် အမျှ ထုတ်ပြန်ထားသော အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များအား အလေးထားလိုက်နာ ဆောင်ရွက်ကြရန်လိုကြောင်း။

ကမ္ဘာ့ဘဏ် အကူအညီဖြင့် ဆောင်ရွက်နေသည့် Financial Inclusion for National Development (FIND) စီမံကိန်းအရ လက်ရှိကျင့်သုံးနေသော အသေးစားငွေရေးကြေးရေး လုပ်ငန်း ဥပဒေ လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များအား နိုင်ငံတကာ စံနှုန်းနှင့်အညီဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ပြည်တွင်း၊ ပြည်ပပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများက ပေးအပ်မည့် နည်းပညာဆိုင်ရာ အကူအညီများနှင့်ပတ်သက်၍ အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် လိုအပ်သည့် အခြေခံအရည်အသွေး တည်ဆောက်မှုများဆောင်ရွက်ထားရန် လိုအပ်ကြောင်း၊ ပြောင်းလဲနေသည့် ခေတ်စနစ်နှင့်အညီ လုပ်ငန်းများ တိကျမှန်ကန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်းအကြံပြုကြရန် ဖြစ်ကြောင်း စသည်ဖြင့် ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်နှင့် မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး လုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးထိန်လင်းတို့က အသေးစားငွေရေးကြေးရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းတင်ပြကြပြီး အစည်းအဝေး တက်ရောက်လာကြသူများက မိမိတို့ဒေသအလိုက် လုပ်ငန်း ဆောင်ရွက်မှုများအား ရှင်းလင်းဆွေးနွေး တင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အဓိကအစဉ်အကျဉ်း

၁၉-၅-၂၀၁၃ (တနင်္ဂနွေနေ့)

၆:၀၀	တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၆:၃၅	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ၊ အက
၇:၂၀	"သတ္တာသတ္တာဟာစေတီတော်ရတနာ အုတ်မြစ်စီမဟာမဂ်လာ အခမ်းအနား"
၁၁:၁၀	ဂီတတံခါးလေးဖွင့်ပါဦး
၁၂:၂၅	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁:၃၃	မြန်မာဗီဒီယိုဇာတ်လမ်း "စုန်ရေ၏စီးသံ" (ဟိန်းဝေယံ၊ရဲအောင်၊ စိုးပြည်သဇင်၊ မြတ်ကေသီအောင်) (ဒါရိုက်တာ-ဇမ္ဗူထွန်းသက်လွင်)
၂:၄၀	"ဂီတသံစဉ် အလှဆင်" (ဟေမာနေဝင်း)
၄:၃၅	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ (တတိယနှစ်) (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅:၁၅	ဆိုကြမယ်၊ ပျော်ကြမယ်
၈:၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း
၈:၃၅	ပြည်သူ့နီတိ "ရပါတယ်ကွာ"
၈:၄၅	တေးဂီတအစီအစဉ် -တစ်မျက်နှာတစ်ကွက်စာ

မော်လမြိုင်မြို့၌ ကားပြပွဲဖွင့်လှစ်

နေပြည်တော် မေ ၁၈

Creation Strength Co., Ltd. က စီစဉ်မှုဖြင့် The Most Amazing Mawlamyine Exhibition @ Car Show ဖွင့်ပွဲအခမ်းအနားကို မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ မေ ၁၆ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်က ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ပြပွဲတွင် နှစ်သစ်ကူးအထူးအစီအစဉ်အဖြစ် Taxi. AA Probox, Taxi. AA Succeed, Taxi. AA Nissan AD Van, Taxi. AA Nissan Wingroad 1500 CC ကားများကို ကြိုပ္ပါ့ဇ့်စနစ်ဖြင့် ဈေးနှုန်းချိုသာစွာရောင်းချပေးလျက်ရှိသည်။ အလားတူ ကိုရီးယားနိုင်ငံထုတ် မော်တော်ဆိုင်ကယ်များ၊ ကွန်ကရစ်အုတ်စက်များ၊ အီလက်ထရွန်နစ်ပစ္စည်းများနှင့် အလှကုန်ပစ္စည်းများ၊ ကျန်းမာရေး အထောက်အကူပြုစက်ပစ္စည်းများကိုလည်း ပြသရောင်းချပေးလျက်ရှိကာ ပြည်သူများစျေးနှုန်းချိုသာစွာ ဝယ်ယူအသုံးပြုနိုင်စေရန်ရည်ရွယ်၍ ပြပွဲကို ကျင်းပခြင်းဖြစ်ပြီး မေ ၂၀ ရက်အထိ နံနက် ၉ နာရီမှ ည ၉ နာရီအတွင်း ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုင်းကိုင်မြို့သို့ သွားလမ်းသာ၍ လာလမ်းဖြောင့်ပါပြီ

မိုင်းကိုင် မေ ၁၈

မိုင်းကိုင်မြို့သည် ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင်အတွင်း တည်ရှိပြီး ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)ကို ဆက်စပ်ပေးသည့် ကြားခံမြို့တစ်မြို့ ဖြစ်ပါသည်။ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် (မြောက်ပိုင်း)ကို ဆက်သွယ်သွားလာနေသော ပြည်ထောင်စုလမ်းမကြီးတစ်ခုဖြစ်သည့် လွိုင်လင်-ပန်ကေတု- သီပေါလမ်းပေါ်တွင် ရှိသော မြို့နယ်လည်း ဖြစ်သည်။

လွိုင်လင်- ပန်ကေတု- သီပေါ လမ်းကို ၁၉၉၆ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၀၃ ခုနှစ်တွင် တစ်ကြိမ် ပြုပြင်မွမ်းမံ၍ လမ်းသစ်ဖွင့်ပွဲပြုလုပ်ခဲ့ပြီး ဖြစ်သည်။

"ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု အခြေအနေ၊ ဒီလမ်းအပေါ် ထိန်းသိမ်းမှုအားနည်းခြင်း အခြေအနေတွေကြောင့်ပဲ ဆိုရမလား လမ်းမကြီးဟာ ကြာရှည်မတည်မြဲခဲ့ပါဘူး၊ ပြီးခဲ့တဲ့တစ်နှစ်၊ နှစ်နှစ်တုန်းက ဆို တော်တော်အခြေအနေဆိုးရွားခဲ့ပါတယ်၊ လမ်းသွားလမ်းလာခရီးသည်တွေတော်တော် ဒုက္ခရောက်ပါတယ်။ ဆွေဆိုရင်ဖုန်တွေတလိမ်းလိမ်း၊ ကားတစ်စီးနှင့်တစ်စီး နီးနီးကပ်ကပ်သွားလို့မရပါဘူး။ မိုးတွင်းဆိုရင် ဗွက်ထူတယ်၊ ကားဗွက်နစ်လို့ လမ်းမှာ ညအိပ်ခဲ့ရတဲ့ ခရီးသည်တွေ ကားတောင်တက်မရလို့ ကားဘီးကို ချိန်းကြိုးပတ်ပြီး အသည်းတထိတ်ထိတ်နဲ့ ခရီးသွားခဲ့ရတဲ့ ခရီးသည်တွေ အစုံအစုံပေါ့ ရယ်စရာပြောရရင်တော့ အချိန်တိုင်းမှာ ကားဆင်းမတွန်းခဲ့ရတဲ့ အကြိမ်ရယ်လို့ မရှိခဲ့ရပါဘူး။ ကားဆင်းတွန်းရမှ ခေတ်မီတယ်တဲ့" ဟု စာရေးသူတို့အဖွဲ့ထဲမှ တစ်ယောက်က ပြောသည်။

ယခုအချိန်မှာတော့ အဲဒီအခက်အခဲတွေဟာ ပြီးဆုံးခြင်းသို့ ရောက်ခဲ့ပါပြီ။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်းမှာ နိုင်ငံတော်အစိုးရ၏ ပြည်ထောင်စု အစိုးရဘတ်ဂျက်နဲ့ ငွေကျပ်သန်းပေါင်း ၂၉၂ သန်း အကုန်အကျခံပြီး လွိုင်လင်-ပန်ကေတု- သီပေါ ကတ္တရာလမ်း ၃၄ မိုင်၊ လမ်းတစ်လျှောက်ရှိပြုပြင်ရန် လိုအပ်သော တံတားအစင်းရေ ၅၀ ကျော်တို့အား သံကူကွန်ကရစ် ရေထုတ်ပြွန်တံတားများ ဆောက်လုပ်ခြင်းတို့ကို လွိုင်လင်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ရမည်းသင်းခရိုင် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းတို့က တာဝန်ယူ၍ ဖောက်လုပ်ပြီးစီးခဲ့ပြီးဖြစ်ပါသည်။

ထို့အပြင် ကွန်ဟိန်း- မိုင်းနောင်- ကျေးသီး- ပန်ကေတုလမ်း၊ မိုင်းကိုင်- ကတ်ဖွီး ကျေးလက်လမ်းတို့ကို ကျောက်ချောလမ်းမှ ကတ္တရာလမ်း အဆင့်သို့တိုးမြှင့်၍ နှစ်မိုင်စီ စတင်ဖောက်လုပ်ခဲ့ရာ ပြည်နယ်အစိုးရ ဘတ်ဂျက်ဖြင့် ငွေကျပ်သန်းပေါင်း ၃၈၄ သန်း အကုန်အကျခံ၍ ဖောက်လုပ်ပြီးစီးခဲ့ပြီးဖြစ်ပါသည်။

လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်ပြီးဖြစ်၍ ဒေသနေပြည်သူလူထုသည်လည်း စီးပွားရေးအခြေအနေ တိုးတက်ကောင်းမွန်လာပြီး လူနေမှုအဆင့်အတန်းလည်း မြင့်မားလာပါပြီ။ လမ်းသွားလမ်းလား ခရီးသည်များအတွက်လည်း မိုင်းကိုင်မြို့သို့ သွားလမ်းသာ၍ လာလမ်းဖြောင့်ပါပြီဆိုသည့်အကြောင်း စာရေးသူမှ ရေးသားတင်ပြလိုက်ရပါသည်။

(နန်းလှိုင်လှိုင်ဦး- မိုင်းကိုင်)

● ကျောဖုံးမှ

ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ စာအောင်သံဃာတော်အရှင်သူမြတ်များ၏ တပည့်ဒါယကာ၊ ဒါယိကာမများ၊ အလှူရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၆၅)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့ အမှူးပြုသော အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သာရဏီယ ဩဝါဒကထာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသက ဖတ်ကြားချီးမြှင့်တော်မူသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် ယနေ့ကျင်းပသည့် (၆၅)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲအခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဩဝါဒါစရိယ ဆရာတော်များ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ စာထောက်စာမ ဆရာတော်များ၊ ပင့်သံဃာတော်များနှင့်တကွ စာအောင်သာသနာ့အာဇာနည်အရှင်သူမြတ်တို့အား ယခုကဲ့သို့ စုံစုံညီညီ ဖူးမြော်ကြည်ညိုခွင့်ရရှိပြီး သာသနာရေးဆိုင်ရာများကို လျှောက်ထားခွင့်ရရှိသည့်အတွက် ကုသိုလ်တရားများ အထူးပင်တိုးပွားရပါကြောင်း။

သုံးလောကထွတ်ထား သဗ္ဗညုဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် အရှင်မဟာကဿပ မထေရ်မြတ်ကြီးဦးဆောင်၍ ပိဋကတ်သုံးပုံဆောင် ရဟန္တာမထေရ်မြတ်ကြီးများက ၄၅ ဝါပတ်လုံး ဘုရားရှင်ဟောကြားတော်မူခဲ့သော ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်တို့ကို သဘောတူရာတူရာစုစည်း၍ ပိဋကတ်သုံးပုံအဖြစ် တည်းဖြတ်သတ်မှတ်ရွတ်ဆိုကြကာ ပဌမသင်္ဂါယနာမှစ၍ ဆဋ္ဌသံဂါယနာအထိ သံဂါယနာခြောက်တန်

(၆၅)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ မင်္ဂလာအခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့် သာသနာရေးဆိုင်ရာများကို လျှောက်ထားစဉ်။ (သတင်းစဉ်)

တင်တော်မူကြပြီး ထေရဝါဒဗုဒ္ဓသာသနာဝင် ပိဋကတ်တော်များ မပျောက်မပျက် မတိမ်းမယိမ်းရအောင် ထိန်းသိမ်းစောင့်ရှောက်တော်မူခဲ့ကြသဖြင့် ယနေ့တိုင်အောင် ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး တည်တံ့ပြန့်ပွားထွန်းလင်းစည်ပင်နေခြင်းဖြစ်ပါကြောင်း။

တပည့်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးတွင် ပိဋကတ်အားဖြင့် သုံးသွယ်၊ နိကာယ်အားဖြင့် ငါးရပ်၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်ရှိသည့် ပရိယတ္တိစာပေများကို သက်တော်ထင်ရှားဘုရားရှင်လက်ထက်တော်အတိုင်း ဆရာတပည့် အစဉ်အဆက် မပျက်ရအောင် ရဟန်းသံဃာတော် အရှင်သူမြတ်များ အဆင့်ဆင့် သင်ယူပို့ချဆောင်ရွက်တော်မူခဲ့သည့်နည်းတူ မြန်မာနိုင်ငံအရပ်ရပ်ရှိ စာသင်တိုက်ကြီးများသည်လည်း ယနေ့တိုင်အောင်အားသွန်မပျက် ကြိုးပမ်းထမ်းရွက်တော်မူလျက်ရှိကြသဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံများအလယ်တွင် ဦးဆောင်နေရာကို ခံ့ထည်စွာ ရယူနိုင်လျက်ရှိပါကြောင်း။

သာသနာတော်သုံးရပ်တွင် အခြေခံကျလှသည့် ပရိယတ္တိသာသနာတော် အမာခံအုတ်မြစ်ကောင်းစေရေးအတွက် ပရိယတ္တိစာမေးပွဲများကို နိုင်ငံတော်အစိုးရမှ ကြီးမှူး၍ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် လည်းကောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်/မြို့နယ်အသီးသီးရှိ ဆရာတော်များဦးဆောင်၍ ဒေသဆိုင်ရာ ပရိယတ္တိစာမေးပွဲများကို သက်ဆိုင်ရာ မြို့ရွာဒေသအလိုက် လည်းကောင်း ကျင်းပပေးလျက်ရှိရာ တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးမှာ ပရိယတ္တိစာမေးပွဲနယ်ပယ်တွင် အမြင့်မားဆုံး စာမေးပွဲကြီးဖြစ်ပါကြောင်း။

ယင်းစာမေးပွဲတွင် ဝိနည်း၊ သုတ်၊ အဘိဓမ္မာဟူသော ပိဋကတ်သုံးပုံ ပါဠိတော်သင်ရိုးကျမ်းအုပ်ရေ ၂၀ တွင် ပါရှိသည့် ဆဋ္ဌသံဂါယနာမူဖြင့်-

ဝိနယပိဋက စာအုပ်ရေ ၅ အုပ်၊စာမျက်နှာ ၂၂၆၀၊
ဒီဃနိကာယ် စာအုပ်ရေ ၃ အုပ်၊ စာမျက်နှာ ၇၇၉၊
အဘိဓမ္မာပိဋကစာအုပ်ရေ ၁၂ အုပ်၊စာမျက်နှာ ၄၉၈၈၊

တိပိဋကဓရ၊ တိပိဋကကောဝိဒ စာအောင် သံဃာတော်အရှင်သူမြတ်များအား ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့ အမှူးပြုသော အဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ် လောင်းလှူကြစဉ်။ (သတင်းစဉ်)

စုစုပေါင်းစာအုပ်ရေ ၂၀၊ စာမျက်နှာပေါင်း ၈၀၂၇ မျက်နှာရှိသော ပါဠိတော်တွေကို အာဂုံနှုတ်တက် ဆောင်ပြီး ထိုပါဠိတော်တွေကို အနက်၊ အဓိပ္ပာယ်ဖွင့်ဆိုပြသော အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိစသော ကျမ်းဂန်ပေါင်း မြောက်မြားစွာမှ အဓိပ္ပာယ်အဆုံးအဖြတ်တွေကို ကျွမ်းကျွမ်းကျင်ကျင် လေ့လာသင်ကြား အားထုတ်ကြိုးပမ်းတော်မူကြသဖြင့် တိပိဋကဓရ၊ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ကို ရရှိနိုင်ကြောင်းကို လေ့လာသိရှိရပါကြောင်း၊ ထို့ကြောင့် စာမျက်နှာပေါင်း ၈၀၂၇ ကို အထစ်အငေါ့မရှိ အဆင့်ဆင့်အာဂုံပြန်ဆိုပြီးမှသာ တိပိဋကဓရ (ပိဋကတ်သုံးပုံ အာဂုံဆောင် အရှင်မြတ်)ဟူသောဘွဲ့ကို ခံယူရရှိတော်မူပါကြောင်း။

သာသနာတော် (၂၅၀၀) ပြည့်အမီ ဆဋ္ဌသံဂါယနာတင်ပွဲကြီးကျင်းပ၍ သာသနာပြုလုပ်ငန်းကြီး အောင်မြင်စွာ ဆောင်ရွက်နိုင်ပါက အနာဂတ် သာသနာ့သမိုင်းစဉ်တွင် သမိုင်းတွင်ကျန်ရစ်မည့် အစီအစဉ်ကို သူဌေးကြီး ဆာဦးသွင် ဦးဆောင်သော ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးက တိုင်းပြည်သို့ စတင်တင်ပြခဲ့ပါသည်ဘုရား။ ဆဋ္ဌသံဂါယနာတင်ပွဲကြီး အောင်မြင်ရေး အတွက် ထေရဝါဒ ငါးနိုင်ငံတို့နှင့်လည်း ညှိနှိုင်းရန် လိုအပ်သဖြင့် ဗုဒ္ဓ သာသနာနုဂ္ဂဟအဖွဲ့ကြီးသည် ထိုနိုင်ငံများနှင့် ဆက်သွယ်ညှိနှိုင်းသည့်အခါ "ဆဋ္ဌသံဂါယနာတင်ရန် မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာဝင်တို့အား အတိတ် နိမိတ်ကောင်း အကြံဉာဏ်ကောင်းတစ်ခု ဖော်ညွှန်းပေးရာ ရောက်စေခဲ့ပါကြောင်း။

ပဌမသံဂါယနာတင်မှစ၍ သံဂါယနာတင်အဆက်ဆက် ပိဋကသုံးပုံဆောင် မထေရ်မြတ်ကြီးများက ဦးဆောင်ကာ ပိဋကသုံးပုံကို အာဂုံရွတ်ဆို၍ သံဂါယနာတင်ခဲ့ကြရာ သံဂါယနာတင်ပွဲတွင် ပိဋကသုံးပုံ နှုတ်ငုံဆောင် တိပိဋကဓရ သာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူးများ ပေါ်ထွန်းပါဝင်ရန် လိုအပ်သည်မှာ အမှန်ပင်ဖြစ်ပါကြောင်း၊ ယင်းလိုအပ်ချက်ကို ဖော်ဆောင်ရန်အတွက် ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ကြီးသည် ပိဋကသုံးပုံဆောင် သာသနာ့အာဇာနည် ပုဂ္ဂိုလ်များပေါ်ထွန်းရေးဘက်သို့ ဦးတည်ကာ တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ ကြီးကို ဖွဲ့စည်း၍ စာမေးပွဲကို ၁၃၁၀ ခုနှစ် (၁၉၄၈)ခုနှစ်တွင် စတင်ကျင်းပခဲ့ပါကြောင်း၊ ထိုနှစ်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည့် နှစ်ဖြစ်သဖြင့် မြန်မာ့လွတ်လပ်ရေးနှင့်အတူ တစ်ပါတည်းဆက်စပ်ပေါ်ထွန်းခဲ့သော စာမေးပွဲကြီးဖြစ်သည်ဟုဆိုပါက မှားမည်မဟုတ်ပါကြောင်း။

ပဌမအကြိမ် တိပိဋကဓရ ရွေးချယ်ပွဲတွင် အောင်မြင်သူမရှိခဲ့ဘဲ ဒုတိယအကြိမ် ရွေးချယ်ပွဲတွင် ဝိနည်းငါးကျမ်း အာဂုံပြန်ဆိုနိုင်သော သာသနာ့အာဇာနည်တစ်ပါး စတင်ပေါ်ထွန်းခဲ့ကြောင်း၊ တတိယအကြိမ် ရွေးချယ်ပွဲတွင် စစ်ကိုင်းတောင်ရိုး၊ မင်းကွန်းဓမ္မနာဒကျောင်းတိုက်မှ အရှင် ဝိစိတ္တသာရာဘိဝံသ အရှင်သူမြတ်သည် ဝိနည်းငါးကျမ်းကို အာဂုံရေး ရေးဖြေပါ အောင်မြင်ခဲ့ပြီး ကျန်ရှိသော ပိဋကကျမ်းစာများကိုလည်း နှစ်မခြားဘဲ အထောက်အမ-မရှိ ဆက်တိုက်ဖြေဆိုအောင်မြင်ခဲ့သဖြင့် ဆဋ္ဌကြိမ် တိပိဋကဓရရွေးချယ်ပွဲ ၁၃၁၅-ခုနှစ်တွင် ဝိသိဋ္ဌတိပိဋကဓရ၊ မဟာတိပိဋက ကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက အရှင်သူမြတ်ဟူ၍ ဦးစွာပေါ် ထွန်းခဲ့သော သာသနာ့အာဇာနည်ဖြစ်ပါကြောင်း။

ယင်းသို့ မြန်မာနိုင်ငံတွင် တိပိဋကဓရ ပုဂ္ဂိုလ်ထူးပေါ်ထွန်းခဲ့သည်ကို ဂုဏ်ယူဝင့်ကြွားလျက် မြန်မာတို့သည် ထေရဝါဒ ငါးနိုင်ငံနှင့် ညှိနှိုင်း အောင်မြင်မှုရရှိကာ ဆဋ္ဌသံဂါယနာတင်ပွဲကြီးတွင် မဟာစည်ဆရာတော် ကြီးကမေး၍ တိပိဋကဓရ မင်းကွန်းဆရာတော်ကြီးက အဖြေဝိသဇ္ဇနက ဆရာတော်အဖြစ် ကြည်ညိုဖွယ်ရာ ထင်ရှားစွာ ဆောင်ရွက်တော်မူခဲ့ပါ ကြောင်း။

ထေရဝါဒဗုဒ္ဓသာသနာတော်ဆိုသည်မှာ ဘုရားရှင်လက်ထက်ကို သိမီ လိုက်သည့် ဧတဒဂ်ဘွဲ့တော်ရ အရှင်မဟာ ကဿပအစရှိသော မထေရ် မြတ်ကြီးများ၏ အဆုံးအမအယူဝါဒအတိုင်း ဘုရားရှင်၏ မူခပါဠိ ဓမ္မက္ခန္ဓာ များကို ပြုပြင်ခြင်း၊ လျှော့ပေါ့ခြင်း၊ ဖြုတ်ပယ်ခြင်း၊ တိုးချဲ့ခြင်းမပြုကြဘဲ ရှိရင်းအတိုင်း ကျင့်သုံးလိုက်နာသည့် ဗုဒ္ဓသာသနာဖြစ်သဖြင့် သာသနာတော် သုံးရပ်အနက် ပရိယတ္တိသာသနာတော်ကိုပင် အခြေခံရပါကြောင်း၊ ယင်း ပရိယတ္တိသာသနာတော်မြတ်ကြီး ကျယ်ပြန့်မှု၊ ပွားစည်းမှုအင်အားဖြင့် မထေရ်မြတ် အဆက်ဆက်တို့သည် ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး အား အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့ကြပါကြောင်း။

ပရိယတ္တိ သာသနာတော်ထွန်းကားပြန့်ပွားရေးအတွက် နိုင်ငံတော် အစိုးရမှ တိပိဋကဓရ တိပိဋကကောဝိဒ စာမေးပွဲကြီးကို နှစ်စဉ်မပျက် ကျင်းပပြုလုပ်ခဲ့ရာ ၁၉၄၈ ခုနှစ်၊ ပဌမအကြိမ်မှ ၂၀၁၃ ခုနှစ် (၆၅) ကြိမ် အထိ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ပိဋကသုံးပုံကို အာဂုံရေးဖြေ အောင်မြင်တော်မူသဖြင့် တိပိဋကဓရ တိပိဋကကောဝိဒ အောင်မြင်တော်မူ ကြသည့် သာသနာ့အာဇာနည် ၁၃ ပါး၊ တိပိဋကဓရ ဘွဲ့ရသာသနာ့အာဇာနည် အရှင်မြတ်လေးပါးပေါ်ထွန်းခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုနှစ်တွင်လည်း ပိဋက သုံးပုံကို အာဂုံအောင်မြင်ပြီး အဘိဓမ္မာ ပိဋကတ် နောက်ဆုံးပိုင်းတစ်ပိုင်းသာ ရေးဖြေကျန်ရှိသော တိပိဋကဓရ ဘွဲ့လက်မှတ်ဆက်ကပ်ခံယူမည့် ရန်ကုန် တိုင်းဒေသကြီး ဒဂုံမြို့နယ် တိပိဋကကျောင်းတော်မှ ဘဒ္ဒန္တဝိစိတ္တာလင်္ကာရ သာသနာ့အာဇာနည်အရှင်မြတ် တစ်ပါး ပေါ်ထွန်းခဲ့ပါကြောင်း။

ယခုနှစ် (၆၅)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ် ရေးစာမေးပွဲကြီး၌

- ပိဋကသုံးပုံ အာဂုံဆောင် တိပိဋကဓရ အရှင်မြတ်တစ်ပါး
- ပိဋကနှစ်ပုံခွဲရေးဖြေအောင် မူလအဘိဓမ္မကောဝိဒ အရှင်မြတ်တစ်ပါး
- ပိဋကနှစ်ပုံခွဲအာဂုံအောင် မူလအာဘိဓမ္မိက အရှင်မြတ်နှစ်ပါး
- ပိဋကနှစ်ပုံရေးဖြေအောင် ဒီဃနိကာယကောဝိဒ အရှင်မြတ်တစ်ပါး
- ပိဋကနှစ်ပုံအာဂုံအောင် ဒီဃဘာဏက အရှင်မြတ်သုံးပါး
- ပိဋကတစ်ပုံရေးဖြေအောင် ဝိနယကောဝိဒ အရှင်မြတ်သုံးပါး
- ပိဋကတစ်ပုံအာဂုံအောင် ဝိနယဓရ အရှင်မြတ် ၁၈ ပါး
- ဝိနယပိဋကရှေ့ပိုင်းရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒ အရှင်မြတ် ၁၀ ပါး
- ဝိနယပိဋကရှေ့ပိုင်း အာဂုံအောင် ဥဘတောဝိဘင်္ဂဓရ အရှင်မြတ် ၄၂ ပါး စုစုပေါင်း အာဂုံရေးဖြေ အောင်မြင်တော်မူကြသော သာသနာ့အာဇာနည် ၈၁ ပါး ပေါ်ထွန်းခဲ့ပါကြောင်း။

"ပုဂ္ဂလဝိသေသော ဇာနိတဗ္ဗော" ဟူသည်နှင့်အညီ စာအောင်သံဃာ တော်အရှင်မြတ်တို့အား ယခုကဲ့သို့ တစုတဝေးတည်း ပူဇော်ခွင့်ရရှိခြင်းမှာ တပည့်တော်တို့ ဒါယကာ၊ ဒါယိကာမများအတွက် အလွန်မွန်မြတ်သည့် ကုသိုလ်မင်္ဂလာတရားများ ဆည်းပူးခွင့်ရရှိခြင်းဖြစ်သည်ဟုမှတ်ယူကြပါ ကြောင်း၊ သာသနာ့အာဇာနည်အရှင်သူမြတ်များအား ဆွမ်းအစရှိသော အာမိသာနုဂ္ဂဟဖြင့် လှူဒါန်းထောက်ပံ့ခွင့်ရကြသော နိုင်ငံတော်အစိုးရ အမှူးပြုသည့် တပည့်တော်တို့ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့သည်လည်း "သာသနံ ပုညဝန္တဿ၊ ပုညဝန္တာ ဝလဗ္ဘရေ" ဟူသော ဆရာတော်ကြီးများ၏ ဩဝါဒဒေသနာတော်တွင် ပါရှိသည့်အတိုင်း ရှေးကပြုဖန် ဘုန်းကံကြီးမြတ် ကြသူများအဖြစ် အရတော်ပါပေစွဟု သဒ္ဓါကဲပို ဝမ်းမြောက်ကြည်ညိုကြရ ကြောင်း။

နိဂုံးချုပ်အားဖြင့် ဗုဒ္ဓသာသနာတော်မြတ်ကြီး စည်ပင်ပြန့်ပွားရေး အတွက် လုံ့လကြိုးကုတ် အားထုတ်ဆောင်ရွက်တော်မူကြသည့် သံဃာ့ မထေရ်မြတ်ကြီးများ၊ သာသနာတော်သုံးရပ်တွင် အခြေခံမူလ ပဓာနကျ သည့် ပရိယတ္တိသာသနာတော်အတွက် ရည်သန်အားခဲ စွဲမြဲအောင်မြင် သာသနာ့အာဇာနည် ထေရ်ရှင်အပေါင်းနှင့် သဒ္ဓါသီလ ဒါနဘာဝနာ ကောင်းမှုအဖြာဖြာတို့၌ မဆုတ်မနစ် အမြဲအားသစ်လျက်ရှိကြသော စေတနာရှင်၊ ကုသိုလ်ရှင်အပေါင်းတို့၏ ဆရာဒကာညီညာပေါင်းစုံ ကုသိုလ် ဇောအဟုန်တို့ကြောင့် ဗုဒ္ဓသာသနာတော်မြတ်ကြီး အဓွန့်ရှည်ကြာ တည်တံ့ ထွန်းလင်းပါစေသတည်း။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည်
လည်း အန္တရာယ်ခပ်သိမ်း ကင်းပငြိမ်း၍ အေးချမ်း
ထွန်းတောက်ပါစေသတည်းဟူ၍ ဆုတောင်းပတ္ထနာ
ရှိသေလေးစားလျှောက်ထားရင်း ဘုရားတပည့်တော်
ကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် လျှောက်ထားသည်။

ထို့နောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချ
သာသနာ့အာဇာနည် အရှင်သူမြတ်များအား ဘွဲ့တံ
လက်မှတ်များကို ဆက်ကပ်ကြရာ ပြည်ထောင်စုသမ္မ
ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဘိဓ
အောင်မြင်တော်မူသော တိပိဋကဓရ ဘွဲ့တံဆိပ်
ဒေသကြီး ဒဂုံမြို့နယ် တိပိဋကကျောင်းတိုက်မှ အရှ
အဘိဓမ္မာပထမပိုင်း သဘောရေးဖြေအောင် မူ
ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သ
တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်မှ အရှ
နှစ်ပုံခွဲ အာဂုံအောင် မူလအာဘိဓမ္မိကဘွဲ့တံဆိပ်
ဒေသကြီး ဒဂုံမြို့နယ် တိပိဋကကျောင်းတိုက်မှ အရှင်ဝိ
(အရှေ့ပိုင်း)မြို့နယ် တိပိဋကမဟာဂန္ဓဝင် နိကာယ်
သေဋ္ဌညာဏ လင်္ကာရ၊ ပိဋကနှစ်ပုံရေးဖြေအောင် ဒီ
ဘွဲ့တံဆိပ်တော်ရ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပိ
စာသင်တိုက်မှ အရှင်ဇောတိသာရာ လင်္ကာရတို့အ
အောင်လက်မှတ်နှင့် သာသနာ့အောင်လံတို့ကို ဆက်

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပြ
ဦးအောင်ကြည်က ပိဋကနှစ်ပုံအာဂုံအောင် သာသနာ့
သုံးပါးနှင့် ပိဋကတစ်ပုံ ရေး၊ ဖြေအောင် သာသန
သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်
ရေးဖြေအောင် သာသနာ့အာဇာနည်တစ်ပါး၊ ပိဋက
သာသနာ့အာဇာနည်လေးပါး၊ ပတ်ဝန်းကျင်ထိန်းသိမ်
ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်
ပိဋကတစ်ပုံအာဂုံအောင် သာသနာ့အာဇာနည် ငါးပါး၊
ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဝိနယဓရဝိနည်း
အောင် သာသနာ့အာဇာနည်ငါးပါး၊ ယဉ်ကျေးမှုဝန်ကြ
ဝန်ကြီး ဦးအေးမြင့်ကြူက ဝိနယဓရဝိနည်း ပိဋက
သာသနာ့အာဇာနည်လေးပါး၊ ဥပတောဝိဘင်္ဂကောဝိ
တစ်ပါး၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီ
ဝန်ကြီး ဦးဌေးအောင်က ဥပတောဝိ ဘင်္ဂကောဝိ
အာဇာနည်ငါးပါး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီး
ဥပတောဝိ ဘင်္ဂကောဝိဒအောင် သာသနာ့အာဇာန
ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ ဆက်ကပ်

ယင်းနောက် ဒုတိယဝန်ကြီးများ၊ တိုင်းဒေသ
တာဝန်ရှိသူများက ဥဘတောဝိဘင်္ဂ ကောဝိဒ ဝိနည်းပိ
ရေးဖြေအောင်နှင့် အာဂုံအောင်အရှင်သူမြတ်များအား
ဆက်ကပ်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇော
သာမိထံမှ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းန
အဖွဲ့ဝင်များနှင့် ပရိသတ်တို့က အနုမောဒနာရေစ
နာယူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ

အခမ်းအနားအပြီးတွင် တိပိဋကဓရ တိပိဋက
သံဃာတော်အရှင်သူမြတ်များအား ဒုတိယသမ္မတ ဒေါ
အမှူးပြုသော အဖွဲ့ဝင်များနှင့် ပရိသတ်တို့က လှ
ဆက်ကပ်လောင်းလှူကြသည်။

◆ မြေငလျင်မှ

အကုန်အကျများပြားသော်လည်း လူတို့၏ အသက်
များကို ကာကွယ်စောင့်ရှောက်ပေးနိုင်ကြောင်း ဇာယာ
သည်။

မြေငလျင်ဆိုင်ရာ ကြိုတင်သတိပေးရေးစနစ်များ
နိုင်ရန် ကြိုးပမ်းနေသည့် နိုင်ငံများအနက် အဓိကကျသေ
တရုတ်နိုင်ငံဖြစ်သည်။ တရုတ်နိုင်ငံ၌ ဧပြီလအတွ
မြေငလျင်လှုပ်ခဲ့ရာ လူ ၂၀၀ ခန့် သေဆုံးခဲ့ရသည်။

လေ့လာဖော်ထုတ်

ရုရှားနိုင်ငံ၌ မြေငလျင်ဆိုင်ရာ မှတ်တမ်းမှ
သုတေသနပြုလုပ်လျက်ရှိသည်။ ရုရှားသိပ္ပံပညာရှင်
ဆိုင်ရာ ကြိုတင်ခန့်မှန်းရေးစနစ်များကို လေ့လာ
သည်။

ရုရှားနိုင်ငံ၌ မြေငလျင်ကြိုတင်ခန့်မှန်းရေးစ
ဖော်ထုတ်လျက်ရှိသည့်အပြင် မြေငလျင်ဒဏ် ခံနိုင်ရ
အအုံများကို တည်ဆောက်နိုင်ရန် နည်းပညာသစ်မျ
သည်။

ရုရှားနိုင်ငံ အပန်းဖြေစခန်းမြို့ဖြစ်သော ဆိုချီမြ
အဆောက်အအုံများကို တည်ဆောက်ခဲ့သည်။

တိပိဋကရေ သာသနာ့အာဇာနည်တစ်ပါး ပေါ်ထွန်းလာ ပရိယတ္တိသာသနာတော်ကြီး တိုးတက်စည်ပင်လာခြင်းဖြစ်

ယနေ့ကျင်းပသော (၆၅)ကြိမ်မြောက် တိပိဋကရေ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲအခမ်းအနား၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသက သမ္မောဒနီယ သာရဏီယ ဩဝါဒကထာ မိန့်ကြားတော်မူခဲ့သည်။ ဩဝါဒကထာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သာရဏီယ ဩဝါဒကထာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသက ဖတ်ကြားချီးမြှင့်တော်မူစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၆၅) ကြိမ်မြောက် တိပိဋကရေ တိပိဋက ကောဝိဒ ရွေးချယ်ပွဲကြီးတွင် အောင်မြင်တော်မူကြသည့် တိပိဋကရေ တစ်ပါး၊ အဘိဓမ္မာ ပထမပိုင်း (၅) ကျမ်း သဘောရေးဖြေအောင် မူလ အဘိဓမ္မကောဝိဒ တစ်ပါး၊ ဒီဃ နိကာယ ကောဝိဒ တစ်ပါး၊ ဝိနယ ကောဝိဒ သုံးပါး၊ ဥဘတောဝိဘင် ကောဝိဒ ၁၀ ပါး၊ မူလအာဘိဓမ္မိက နှစ်ပါး၊ ဒီဃ ဘာဏက သုံးပါး၊ ဝိနယရေ ၁၈ ပါး၊ ဥဘတောဝိဘင်ရေ ၄၂ ပါး စုစုပေါင်း ၈၁ ပါးသော သာသနာ့အာဇာနည်အရှင်မြတ်များနှင့် နိုင်ငံတော်အစိုးရအမှုဦးပြုသော ဒါယကာ၊ ဒါယိကာမအပေါင်းသူတော်ကောင်းတို့အား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ကိုယ်စားဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်ရာ ဖြစ်သော သမ္မောဒနီယ သာရဏီယ ဩဝါဒကထာမြွက်ကြားလိုက်ပေသည်။

ယခုနှစ် (၆၅) ကြိမ်မြောက် တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် တိပိဋကကျောင်းတော်မှ အရှင်ဝိစိတ္တာလင်္ကာရသည် အဘိဓမ္မ ပိဋက နောက်ပိုင်း(၂)ကျမ်းကို အာဂုံပြန်ဆို အောင်မြင်တော်မူသဖြင့် တိပိဋကရေ သာသနာ့အာဇာနည် တစ်ပါး ပေါ်ထွန်းလာခြင်းကို နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အနေဖြင့် ပရိယတ္တိသာသနာတော်ကြီး တိုးတက်စည်ပင်ပြန့်ပွားလာခြင်းသာဖြစ်ပေသည်ဟု ဝမ်းမြောက်ဝမ်းသာနှလုံးသွင်းလျက် ပီတိသောမနဿဖြစ်ရပါကြောင်း မိန့်ကြားအပ်ပါသည်။

တိပိဋကရေရဘွဲ့ရ အရှင်မြတ်နှင့် တကွ တိပိဋကစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်တို့ဘုရား။ အရှင်မြတ်တို့သည်-

(က) ပုထုဇဉ်သေက္ခပုဂ္ဂိုလ်တို့၏ မြွေဖမ်းပုံနှင့်တူသော အလဂဒ္ဒူပမာစာသင်နည်း၊

(ခ) သံသရာမှလွတ်မြောက်နိုင်ခြင်း အကျိုးရှိသော နိဿရဏတ္ထစာသင်နည်း၊

(ဂ) ရဟန္တာအရှင်မြတ်တို့၏ ပရိယတ္တိမမ္မက္ခန္ဓာ တရားတော်များ မကွယ်ပျောက်စေရန် စောင့်ရှောက်သော အားဖြင့် သင်ယူခြင်းဟူသော ဘဏ္ဍာဂါရိက စာသင်နည်း သုံးမျိုးရှိသည့် အနက် ပုထုဇဉ်သေက္ခ ပုဂ္ဂိုလ်တို့နှင့် သက်ဆိုင်သော အလ ဂဒ္ဒူပမာ စာသင်နည်းကို မကျင့်သုံး မလိုက်နာမှု၍ နိဿရဏတ္ထ စာသင်နည်း ဖြစ်အောင် သတိဆောင်၍ လေ့လာသင်ယူကြစေလိုကြောင်း ဖွင့်ပွဲ အခမ်းအနားတွင် ဩဝါဒပေးပြီး ဖြစ်သည့်အတိုင်း နိဿရဏတ္ထ စာသင်နည်းဖြစ်အောင် လေ့လာသင်ယူထားသော သာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူးများဖြစ်သည်ဟု ယုံကြည်မိပါသည်။

"ပရိယတ္တိနိဿယ၊ ပရိဝါရောဝုပ္ပဒ္ဓိ၊ ပရိဝါရဲ့ နိဿယလာဘော" စသော သုတ္တနိပါတ်အဋ္ဌကထာ၌ မိန့်မှာတော်မူချက်အရ အရှင်မြတ်တို့သည် စာပေသင်ကြားခြင်း ပရိယတ္တိကိုအမှီပြု၍ တပည့်ဒါယကာ၊ ဒါယိကာမများစွာဝန်းရံ၍ အခြွေအရံများ ဖြစ်ပွားလာတတ်ပါသည်။ ထိုအခြွေအရံကို အမှီပြုပြီး လာဘ်လာဘ ပေါများလာတတ်ပါသည်။ ထိုသို့ဖြစ်ပေါ်လာသည့် လာဘ်လာဘသည် နိဿရဏတ္ထ စာသင်နည်းဖြင့် သင်ယူထားသော ပုဂ္ဂိုလ်မဟုတ်ပါက ပရိယတ္တိသာသနာ တည်တံ့ပြန့်ပွားရေးအတွက် အနှောင့်အယှက် အတားအဆီးဖြစ်လာနိုင်ပါသည်။ ထို့ပြင် နိဒါနဝဂ္ဂသံယုတ်၊ ဒါရုဏာသုတ်၌ "ဒါရုဏော ဘိက္ခဝေ လာဘသက္ကာရ သိလောကော ကဒ္ဒကော ဖရုသော အန္တရာယိကော အနုတ္တရသ ယောဂက္ခေမသ အဓိဂမာယ"ရဟန်းတို့ လာဘ်ပူဇော်သက္ကာရများခြင်း၊ ဂုဏ်သတင်းကျော်စောခြင်းသည် ခက်ထန်လှ၏။ ခါးစပ်လှ၏။ ကြမ်းတမ်းလှ၏။ ယောဂလေးတန် ကုန်ရာမှန်သော အမြတ်ဆုံးဖြစ်သော အရဟတ္တဖိုလ်ရရှိရန်အတွက် အနှောင့်အယှက် အန္တရာယ်ဖြစ်၏ဟု ဟောကြားတော်မူသည်ကို နှလုံးသွင်းဆင်ခြင်တော်မူကြကာ တိပိဋကရေ တိပိဋကကောဝိဒ ဘွဲ့ရရှိသည့်တိုင်အောင် အပွမာဒတရား လက်ကိုင်ထားတော်မူကြပါရန် တိုက်တွန်းလိုက်ပါသည်။ သာသနာ့အာဇာနည် အရှင်မြတ်တို့နှင့် နိုင်ငံတော်အစိုးရအမှုဦးပြုသော ဒါယကာ၊ ဒါယိကာမအပေါင်းသူတော်ကောင်းတို့။ ဘုရားရှင်၏ သာသနာတော်ကို ချီးမြှောက်ရာတွင် တရားဖြင့် ချီးမြှောက်ခြင်း ဓမ္မာနုဂ္ဂဟ၊ ပစ္စည်းလေးပါးတို့ဖြင့် ချီးမြှောက်ခြင်း အာမိသာနုဂ္ဂဟ ဟုနှစ်မျိုးရှိရာ အရှင်မြတ်တို့က "ငါတို့သည် ဘုရားရှင်သာသနာတော်မြတ်ကြီး အရှည်တည်တံ့ပြန့်ပွားအောင် ဓမ္မာနုဂ္ဂဟဖြင့် သာသနာပြုနေကြသော သာသနာပြု ပုဂ္ဂိုလ်များဖြစ်သည်"ဟု လည်းကောင်း။

နိုင်ငံတော်အစိုးရ အမှုဦးပြုသော ဒါယကာ၊ ဒါယိကာမအပေါင်းသူတော်ကောင်းတို့ကလည်း "ငါတို့သည် ဘုရားရှင်၏ သာသနာတော်မြတ်ကြီး အရှည်တည်တံ့ပြန့်ပွားအောင် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသော အာမိသာနုဂ္ဂဟတို့ဖြင့် လျှုဒါန်းထောက်ပံ့ချီးမြှောက်နေကြသော သာသနာပြုပုဂ္ဂိုလ်များဖြစ်ကြပေသည်" ဟု လည်းကောင်း ဝမ်းမြောက်ဝမ်းသာဖြစ်ကြပါစေဟု ပတ္တနာပြုလျက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သမ္မောဒနီယ သာရဏီယ ဩဝါဒကထာကို နိဂုံးချုပ်လိုက်ပါသည်။

❖ ရှေ့ဖုံးမှ

လတ်တလောတွင် နံနက်တစ်ကြိမ်နှင့် ညနေ တစ်ကြိမ်သာ ပြေးဆွဲခြင်းဖြစ်သော်လည်း ခရီးသည်စီးနင်းမှုအပေါ်မူတည်၍ လိုအပ်ပါက တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း၊ မြစ်အတွင်း သွားလာစီးနင်းခြင်း၊ နံနက်ခင်းအလှအပများနှင့် ညနေနေဝင်ချိန်ဆည်းဆာကို သင်္ဘောစီးရင်းတွေ့ကြုံခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။ ရန်ကုန်မြစ်၏ ဆည်းဆာအလှအပများကို လာရောက်လေ့လာကြည့်ရှုတတ်သော ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များရှိပြီး ယခင်ကမြစ်တွင်းသွား ဇိမ်ခံသင်္ဘောများဖြင့် ဆည်းဆာအလှကို ပြသပြေးဆွဲခဲ့သော ကုမ္ပဏီများလည်း ရှိခဲ့ဖူးကြောင်း ဆက်လက်သိရသည်။

(ထက်ခိုင်-စမ်းချောင်း)

ပြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း အလှူငွေနှင့် စာအုပ်စာစောင်လှူဒါန်းမည်

ရန်ကုန် မေ ၁၈

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း၏ အလှူငွေနှင့် စာအုပ်စာစောင် လှူဒါန်းပွဲအခမ်းအနားကို မေ ၂၆ ရက် နံနက် ၉ နာရီတွင် ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ အမှတ်(၂၂၈) သိမ်ဖြူလမ်း ပိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ပါသဖြင့် ပါဝင်လှူဒါန်းလိုကြသော စေတနာရှင် ပြည်သူများသည် ညွှန်ကြားရေးမှူး (ထုတ်လုပ်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဖုန်း-၀၁-၃၇၁၃၃၄၂၊ ၂၀၁၉၃၆၊ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ဖုန်း-၀၁-၃၉၈၇၅၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

မိုဘိုင်းဖုန်းစာချုပ်များ ရရှိစေချင်

မြိတ် မေ ၁၈

တန်ဖိုးနည်း မိုဘိုင်းဖုန်းများကို SIM Card တစ်ခုလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ပထမအကြိမ် ရောင်းချပေးခဲ့သည်မှာ တစ်လပင်ပြည့်တော့မည် ဖြစ်ပြီး ဒုတိယအကြိမ်ကို မကြာခင် ရောင်းချပေးမည်ဟု ကြားသိရပါသည်။

ပြည်သူများ ဝမ်းပန်းတသာ ဖြစ်နေကြသည်။ ထိုကဲ့သို့ တန်ဖိုးနှုန်း ဖုန်းများကို တစ်ချိန်တည်း မဲနှိုက်စာချုပ် ပြုလုပ်ပေးသော်လည်း ယခင် နှစ်သိန်းတန် မိုဘိုင်းဖုန်းများကို အရစ်ကျအကြွေးစနစ်ဖြင့် ရောင်းချပေးသည့် မိုဘိုင်းဖုန်းကိုင်ဆောင်သူများမှာ စာချုပ်မရှိသော်လည်း ဖုန်းအဘွားစာချုပ်ရရှိမည်ဟု သိရသည်။ မတ်လမှစ၍ ဝန်ထမ်းများ၊ ကျေးလက်နေပြည်သူများ အကြွေးစနစ်ဖြင့် ရောင်းချပေးခဲ့သော မိုဘိုင်းဖုန်းငွေသွင်းမှုကို ပေးသွင်းရခြင်းမရှိသော်လည်း ဖုန်းအဘွားပိုင်ဆိုင်မှု စာချုပ်ကို ရရှိရန် အတွက် သက်ဆိုင်ရာသို့မေးမြန်းရာ အမိန့်တစ်စုံတစ်ရာရရှိခြင်းမရှိသေး၍ ထုတ်ပေးနိုင်ခြင်းမရှိသေးကြောင်း သိရသည်။ သာမန်အချိန်တွင် အကြောင်းမဟုတ်သော်လည်း SIM Card ချွတ်ယွင်းလျှင် သော်လည်းကောင်း၊ မိုဘိုင်းဖုန်းပျောက်ဆုံးလျှင် သော်လည်းကောင်း ဆောင်ရွက်ရာတွင် စာချုပ်မိတ္တူကို ပါတင်ပြရပါသဖြင့် ယခင်အကြွေးစနစ်ဖြင့် ရောင်းချပေးခဲ့သော နှစ်သိန်းတန်မိုဘိုင်းဖုန်းများ၏ စာချုပ်များ ရရှိရေး ပြည်သူများမှ လိုလားလျက်ရှိကြောင်း သိရသည်။

(မိုးသောက်-မြိတ်)

စာအုပ်စာပေ
လူ့မိတ်ဆွေ

◆ မြေလျင်မှ

အကုန်အကျများပြားသော်လည်း လူတို့၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ပေးနိုင်ကြောင်း ဇာယာလော့ဗ်က ပြောကြားသည်။

မြေလျင်ဆိုင်ရာ ကြိုတင်သတိပေးရေးစနစ်များကို တီထွင်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းနေသည့် နိုင်ငံများအနက် အဓိကကျသော နိုင်ငံတစ်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်သည်။ တရုတ်နိုင်ငံ၌ ဧပြီလအတွင်းက အင်အားပြင်း မြေလျင်လှုပ်ခဲ့ရာ လူ ၂၀၀ ခန့် သေဆုံးခဲ့ရသည်။

လေ့လာဖော်ထုတ်

ရုရှားနိုင်ငံ၌ မြေလျင်ဆိုင်ရာ မှတ်တမ်းများကို အခြေခံကာ သုတေသနပြုလုပ်လျက်ရှိသည်။ ရုရှားသိပ္ပံပညာရှင်များသည် မြေလျင်ဆိုင်ရာ ကြိုတင်ခန့်မှန်းရေးစနစ်များကို လေ့လာဖော်ထုတ်လျက်ရှိကြသည်။

ရုရှားနိုင်ငံ၌ မြေလျင်ကြိုတင်ခန့်မှန်းရေးစနစ်များကို တီထွင်ဖော်ထုတ်လျက်ရှိသည့်အပြင် မြေလျင်ဒဏ် ခံနိုင်ရည်ရှိသော အဆောက်အအုံများကို တည်ဆောက်နိုင်ရန် နည်းပညာသစ်များ ဖော်ထုတ်လျက်ရှိသည်။

ရုရှားနိုင်ငံ အပန်းဖြေစခန်းမြို့ဖြစ်သော ဆိုချီမြို့၌ မြေလျင်ဒဏ်ခံ အဆောက်အအုံများကို တည်ဆောက်ခဲ့သည်။

စီစီတီဗွီ။

ဖတ်စရာ၊ မှတ်စရာ

အနောက်ဘက်ကမ်းမှာ

အောင်ကျော်ညို(ဆင်ချဆိပ်)

အနောက်ဘက်ကမ်းဟု ဆိုလိုက်သည်နှင့် ဂျော်ဒန်မြစ်နောက်ဘက်ကမ်းကို ပြေးမြင်ကြပါလိမ့်မည်။ မဟုတ်ပါ။ မိမိ၏ အနောက်ဘက်ကမ်းဟူသည် ပြည်သူလေးသောင်းကျော် မှီတင်းနေထိုင်လျက်ရှိနေသည့် တိုးချဲ့ကြည့်မြင်တိုင်တည်ရှိရာ လှိုင်မြစ်အနောက်ဘက်ကမ်းကို ညွှန်းဆိုခြင်းသာ ဖြစ်ပါသည်။

ထိုအနောက်ဘက်ကမ်းရပ်ကျေးတစ်ခုတွင် မိမိသည် ၁၇ နှစ်ကြာ ကျောင်းအုပ်တာဝန်ထမ်းဆောင်ခဲ့ဖူးပါသည်။ ၁၉၉၄ ခုနှစ် စရောက်ချိန် အနောက်ဘက်ကမ်းကျေးရွာများတွင် တစ်ရွာနှင့်တစ်ရွာ ရွာချင်းဆက်လမ်းဟူ၍ မည်မည်ရရမရှိ။ ရေငန်တား တာပတ်လမ်းနှင့် လယ်ကန်သင်းများပေါ် သွားလာကြရသည်။ ရပ်ကွက်အတွင်းတွင်လည်း ဗွက်ပေါက်လမ်းများ ခနော်ခနဲ့ သစ်သားခင်းလမ်းများနှင့် အကျည်းတန်လွန်းသည်။ လျှပ်စစ်မီးမရှိပါ။ လှိုင်မြစ်ကို ဖြတ်ကျော်လာသည့် အရှေ့ဘက်ကမ်းမှ လျှပ်စစ်မီးအလင်းရောင်အောက်မှာ အရာအားလုံးသည် မှုန်ဝါးဝါးနှင့် မှောင်မည်းမည်း။

ရေနှင့်ပတ်သက်လျှင် လှိုင်မြစ်သည် အနောက်ဘက်ကမ်းနေ ပြည်သူများ၏ မရှိမဖြစ် မြစ်တစ်စင်း။ နေ့စဉ် လှိုင်မြစ်ရေကို ချိုးကြသည်။ လှိုင်မြစ်ရေကို သောက်ကြသည်။ တိုက်ရိုက်အားဖြင့်ကား မဟုတ်ပါ။ အနောက်ဘက်ကမ်းမှာ သောက်ရေအတွက် သဘာဝမိုးရေလှောင်ကန်များရှိသည်။ လူဦးရေတိုးပွားလာသည်နှင့်အမျှ မိုးရေနှင့်မလုံလောက်။ ရေပြတ်လပ်မှု အမြဲကြုံနေရသည်။ တန်ဆောင်မုန်း၊ နတ်တော်တွင် မြစ်ဝမှ ရေငန်မတိုးမီ လှိုင်မြစ်ရေချိုကို မိုးရေလှောင်ကန်များသို့ ဖြည့်တင်းကြရသည်။ နောက်ကျိနေသော မြစ်ရေနှင့် ရောသမမွှေထားသော လက်ကျန်မိုးရေကြည်ကို တစ်ဆောင်း၊ တစ်နွေ ဖေဖော်ဝါရီလလောက်ထိ သောက်ကြရသည်။ မတ်လမှစ၍ ရေပြတ်သွားသည်။ အရှေ့ဘက်ကမ်းမှ စည်ပင်၊ အလှူရှင်နှင့် ရေလာရောင်းသူများကို အားကိုးမျှော်ကြရသည်။ ဤသို့ဖြင့် မိုးရာသီရောက် မိုးရေသောက်လျက် အသက်ဆက်ကြရသည်မှာ ယနေ့ထိတိုင် ဖြစ်ပါသည်။

လူနေရပ်ဝန်းများသည်လည်း စနစ်တကျဖွဲ့တည်ထားခြင်း မရှိသလောက်ပါ။ အားလုံးနီးပါး လက်လုပ်လက်စားဆင်းရဲသားများ။ ဖြစ်သလိုနေကြသည့် ရပ်ကျေး။ အဆိုးဆုံးမှာ ပရမ်းပတာမြေပေါ် အိမ်သာများ။ မိုးတွင်း ဒီရေတိုးချိန် ပြဿနာမရှိလည်း ခြောက်သွေ့ရာသီရောက်လာသည်နှင့် အနံ့အသက်မကောင်း ယင်တလောင်းလောင်း။ တစ်ချိန်က ဒေသ၏ သရုပ်မှန်၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး အစစနိမ့်ကျခဲ့သော အနောက်ဘက်ကမ်း။

၂၀၀၀ ပြည့်နှစ်အလွန်မှာ အနောက်ဘက်ကမ်းဖွံ့ဖြိုးမှု အစပြုလာသည်။ လှိုင်သာယာနှင့် ဆိပ်ကြီးခနောင်တို ကားလမ်းကို အနောက်ဘက်ကမ်း တိုးချဲ့ကြည့်မြင်တိုင်မှဖြတ်၍ ဖောက်လုပ်သည်။ ယခင်ကမမြင်ဖူးခဲ့သည့် မြင်ကွင်းများ အနောက်ဘက်ကမ်းမှာ မြင်တွေ့လာရသည်။ လမ်းကြမ်းမှာ ကားတွေ၊ ဆိုင်ကယ်တွေ ဥဒဟိုပြေးနေကြပြီ။ အနောက်ဘက်ကမ်း တကြောလျှပ်စစ်မီးထိန်ထိန်ညီးခဲ့သည်။ ရပ်ကွက်အသီးသီး လမ်းကြိုလမ်းကြားမကျန် ကွန်ကရစ်လမ်းများ ဖြစ်လာခဲ့သည်။ အိမ်တိုင်းတွင် လျှပ်စစ်အသုံးအဆောင်ပစ္စည်းများနှင့် မြို့ပြအဆင့်သို့ တက်လှမ်းလာနေပြီ။

သို့သော် သောက်သုံးရေအခက်အခဲကား ကြီးမားနေဆဲ။ ရောသမမွှေရေကို သောက်နေကြရဆဲ။ လှိုင်မြစ်ရေနှင့်ပတ်သက်၍ လတ်တလော သတင်းထူးတစ်ပုဒ်ကြောင့် တုန်လှုပ်သွားရသည်။

လှိုင်မြစ်ထဲသို့ နေ့စဉ်စီးဝင်နေသော လှိုင်သာယာစက်မှုဇုန်ရှိစက်ရုံများမှ စွန့်ထုတ်ရေဆိုးရေညစ်များတွင် သံဓာတ်၊ မဂ္ဂနီဆီယမ်နှင့် ကော့ပါးဓာတ်တို့ ပါဝင်နေမှုသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ သတ်မှတ်ထားသည်ထက် ပိုများနေပြီး လူ့ခန္ဓာကိုယ်အတွင်းရောက်ရှိသွားပါက အရိုးအဆစ်များအတွင်း အနည်ထိုင်ကာ ဒုက္ခပေးနိုင်ကြောင်း သုတေသနစစ်တမ်း သတင်းတစ်ပုဒ်။ လှိုင်မြစ်ရေနှင့် နှစ်ပါးသွားနေရသော အနောက်ဘက်ကမ်းနေပြည်သူများ။ နဂိုကတည်းက အမှိုက်သရိုက် အညစ်အကြေးများနှင့် မသန့်ရှင်းသော လှိုင်မြစ်ရေ။ ယခုတစ်ဖန် "ဘူးလေးရာ ဖရုံဆင့်" အန္တရာယ်ဓာတ်ပေါင်းစုတွေ စုပြုံရောပြွမ်း ပျော်ဝင်လာနေပြီ။

အနောက်ဘက်ကမ်းနေပြည်သူများ၏ ရင်မအေးစရာ သောက်သုံးရေအခက်အခဲပါ။ ။

ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် မေ ၁၈

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ကကြီးမှူး၍ Elite Tech Group of Companies က အဓိကကူညီပံ့ပိုးသော ၂၀၁၃ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ပြိုင်ပွဲ၏ ဒုတိယပွဲစဉ်အနေဖြင့် Elite Tech Open Golf Championship 2013 ဂေါက်သီးရိုင်ပြိုင်ပွဲ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၁၇ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ရန်ကုန်ဂေါက်ကလပ် (ဒညင်းကုန်း)၌ ဆက်လက်ကျင်းပသည်။

အဆိုပါ(၁၈)ကျင်းပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အမှုဆောင်ဦးကိုကိုလေးက နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆု (Daily Best)ရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က အမျိုးသား (Amateur)ပြိုင်ပွဲတွင် လေးရက်ပေါင်း ၂၉၇ ချက်ဖြင့် ဒုတိယရရှိသော မောင်မောင်ဦးနှင့် လေးရက်ပေါင်း ၂၈၉ ချက်ဖြင့် ဗိုလ်စွဲသွားသော မျိုးဝင်းအောင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် Myanmar Professional Golfer Association (MPGA) ဥက္ကဋ္ဌ ဦးတေဇက Proffessional အဆင့်ပြိုင်ပွဲတွင် လေးရက်ပေါင်း ၂၈၆ ချက်ဖြင့် ဒုတိယရရှိသော လှမျိုး (I Win Golf Academy) နှင့် လေးရက်ပေါင်း ၂၈၂ ရိုက်ချက်ဖြင့် ဗိုလ်စွဲသွားသော သိန်းဇော်မြင့် (KM Golf Centre) တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ Elite Tech Group of Companies မှ CEO ဦးချမ်းငြိမ်းဇော်က Professional အဆင့်ပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော သိန်းဇော်မြင့် (KMGolf Centre) အား ငွေကျပ် ၂၅ သိန်းတန် ချက်လက်မှတ်ကိုပေးအပ်ပြီး မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးတင့်ဦးက မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ ပေးအပ်သော အမှတ်တရဂုဏ်ပြုပစ္စည်းနှင့် ငွေကျပ် ၁၀ သိန်းကို ရန်ကုန်ဂေါက်ကလပ်မှ ဘဏ္ဍာရေးမှူး ဦးဇော်ထွန်းကလည်းကောင်း၊ Elite Tech Group of Companies သို့ အမှတ်တရ ဂုဏ်ပြုပစ္စည်း ပေးအပ်ရာ CEO ဦးချမ်းငြိမ်းဇော်ကလည်းကောင်း လက်ခံကြသည်။ Elite Tech Group of Companies က ရန်ကုန်ဂေါက်ကလပ်သို့ ပေးအပ်သော အမှတ်တရပစ္စည်းနှင့်ငွေကျပ်သိန်း ၂၀ ကိုဘဏ္ဍာရေးမှူး ဦးဇော်ထွန်းက လက်ခံသည်။

အဆိုပါဂေါက်သီးရိုက်ပြိုင်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် Air Bagan, Asian Wings Airways, AGD Bank, Kandawgyi Palace Hotel, CEPSR, Tiger Golf, Myanmar Solar Power(MSP) တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီခဲ့ကြကြောင်း သိရသည်။ **(ကြေးမုံ)**

GS Kixx

အမျိုးသားလွှတ်တော် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းဆိုင်ရာ ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ ဘရူနိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၁၈

ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါ၀မ်မြို့၌ကျင်းပသည့် ဒသမအကြိမ်မြောက် AIPA မူးယစ်ဆေး၀ါးအန္တရာယ်တိုက်ဖျက်ရေးဆိုင်ရာ အချက်အလက်ရှာဖွေရေးကော်မတီ အစည်းအဝေး (10th AIFOCOM OF MEETING) တက်ရောက်ခဲ့သော အမျိုးသားလွှတ်တော် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးညွန့်တင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင် သုံးဦးတို့သည် ယမန်နေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ လွှတ်တော်ရုံးမှတာ၀နဲ့ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ပျောက်ဆုံးဆိုင်ကယ်များ ပိုင်ရှင်ထံပြန်လည်ပေးအပ်

နေပြည်တော် မေ ၁၈

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက်အတွင်း အမှတ်(၃)ရဲစခန်းမှ မေ ၁၂ ရက် နံနက် ၁ နာရီခွဲခန့်တွင် လှည့်ကင်းတာ၀နဲ့ထမ်းဆောင်နေစဉ် မသက်ဘဖွယ် ဆိုင်ကယ်တစ်စီးနှင့် လူနှစ်ဦးအားတွေ့ရှိ၍ ရပ်တန့်စစ်ဆေးရာ အစစ်ဆေးမခံဘဲ ထွက်ပြေးတိမ်းရှောင်သဖြင့် စခန်းမျူး ရဲအုပ်ထွန်းထွန်းဦးနှင့်အဖွဲ့က လိုက်လံစုံစမ်းရာ ဇမ္ဗူသီရိမြို့နယ် တည်ကြီးကုန်းကျေးရွာအုပ်စု ပုံမင်းအင်းကျေးရွာ အနီးရှိ ဓနသိဒ္ဓိရပ်ကွက်မှ ပျောက်ဆုံးနေသော ၁၇ယ/---- Zaw Kanbo နှင့် ၂၀ယ/---- Luojia ဆိုင်ကယ်တို့အား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ၁၇ယ/----ZawKanbo အား ပိုင်ရှင်ဖြစ်သူ တိုက်အမှတ် (၁၃၇၀) အခန်း (၁၂)နေ ဒေါ်မိမိလွင်ထံသို့ လည်းကောင်း၊ ၂၀ယ/---- Luojia ဆိုင်ကယ်အား ပိုင်ရှင်ဖြစ်သူ တိုက် (၁၃၅၄)အခန်း(၃၁)နေ ဦးသန်းထွန်းအောင်ထံသို့ လည်းကောင်း အသီးသီး ပြန်လည်ပေးအပ်နိုင်ကြောင်း စခန်းမျူးရဲအုပ်ထွန်းထွန်းဦးက ပြောကြားခဲ့သည်။

ကျော်သူရ(နေပြည်တော်)

အာရှခြေစစ်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအမျိုးသမီးဘောလုံးအသင်းအား MFF ဥက္ကဋ္ဌတွေ့ဆုံ

ရန်ကုန် မေ ၁၈

၂၀၁၄ အာရှဖလားခြေစစ်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာလက်ရွေးစင်အမျိုးသမီးအသင်းအား မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်(MFF) ဥက္ကဋ္ဌ ဦးဇော်ဇော်က ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် တွေ့ဆုံအားပေးစကား ပြောကြားခဲ့သည်။ အဆိုပါအခမ်းအနားကို MFF ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး MFF ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အထွေထွေအတွင်းရေးမှူး ဦးတင်အောင်နှင့် အဖွဲ့ချုပ်ဌာနခွဲတာ၀နဲ့ခံများ၊ အမျိုးသမီးဘောလုံးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စံပယ်ကြည်၊ အတွင်းရေးမှူး ဒေါ်မြတ်မြတ်ဦး၊ နည်းပြချုပ် ကုမာဒါနှင့် အားကစားသမားများ တက်ရောက်ခဲ့ကြသည်။

"အာရှခြေစစ်ပွဲ၀င်မယ့် လက်ရွေးစင် မြန်မာအမျိုးသမီး အသင်းအနေနဲ့ ကိုယ့်နိုင်ငံအတွက် အစွမ်းကုန်ကြိုးစားပေးဆပ်ကြမယ်ဆိုတာကို ယုံကြည်ပြီးဖြစ်ပါတယ်။ ဒါပေမယ့်ယခု ယှဉ်ပြိုင်ရမယ့်အသင်းတွေဟာ ခြေစွမ်းအရ ကွာခြားမှုမရှိတဲ့ အသင်းတွေပါ။ ဒါကြောင့် စိတ်ဓာတ်ပိုင်းအသာစီးရနေဖို့လိုပါတယ်။ ဘယ်အသင်းကို ဖြစ်ဖြစ် နိုင်ရမယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ အစွမ်းကုန်ကြိုးပမ်းအားထုတ်ရင် ခြေစစ်ပွဲမအောင်စရာ မရှိပါဘူး။ ဒီခြေစစ်ပွဲဟာ ၂၀၁၅ အမျိုးသမီးကမ္ဘာ့ဖလားကို သွားနိုင်မယ့် အခွင့်အရေးလည်းရှိနေပါတယ်။ တိုင်းပြည်အတွက် ဒီအခွင့်အရေးကို ရအောင် ဆုပ်ကိုင်နိုင်ကြမယ်လို့လည်း မျှော်လင့်ပါတယ်" ဟု MFF ဥက္ကဋ္ဌ ဦးဇော်ဇော်(**အပေါ်ပုံ**)က ပြောကြားခဲ့သည်။

အမျိုးသမီး အသင်းအနေဖြင့် ပါလက်စတိုင်းနိုင်ငံတွင် သွားရောက်ကစားရမည်ဖြစ်ရာ မတူညီသည့် စားသောက်နေထိုင်မှုနှင့် ရာသီဥတုအခြေအနေတို့ကို ဂရုတစိုက်ရှိကြစေရေးအတွက်လည်း တိုက်တွန်းမှာကြားခဲ့သည်။ ယင်းနောက် အမျိုးသမီး ဘောလုံးကော်မတီ ဥက္ကဋ္ဌ ဒေါ်ခင်စံပယ်ကြည်ကလည်း ဆက်လက် အားပေးစကားပြောကြားခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းအနေဖြင့် ပါလက်စတိုင်းနိုင်ငံတွင် ၂၀၁၄ အာရှခြေစစ်ပွဲအုပ်စု (D) ပွဲစဉ်များ ယှဉ်ပြိုင်ကစားရန် မေ ၁၈ က ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။ မြန်မာအသင်းသည် အုပ်စုပွဲစဉ်များ အဖြစ် မေ ၂၁ ရက်တွင် အိန္ဒိယ၊ မေ ၂၃ ရက်တွင် အိမ်ရှင်ပါလက်စတိုင်း၊ မေ ၂၅ ရက်တွင် တရုတ်(တိုင်ပေ) အသင်းများနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အုပ်စု (ပထမ)တစ်သင်းသည်သာ ခြေစစ်ပွဲအောင်မည်ဖြစ်သည်။

(ဇော်မင်းအောင်-၁၀၇)

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်း သတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီ တောင်းပါ။
(ဂ) ပိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

ယာဉ်မောင်းများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ သိရှိရန် ပညာပေးဆောင်ရွက်မှုများ လုပ်ဆောင်ရန်လို

ရန်ကုန် မေ ၁၈

ရန်ကုန်မြို့တွင်း ယာဉ်မောင်းသူအချို့၏ ယာဉ်စည်းကမ်းလိုက်နာမှုမရှိဘဲ မောင်းနှင်မှု၊ ရပ်တန့်မှုတို့ကြောင့် လမ်းအသုံးပြုသူများ ယာဉ်ကြောပိတ်ဆို့မှုများနှင့် ကြုံတွေ့နေရကြောင်း၊ သို့ဖြစ်ရာ ယာဉ်မောင်းသူများအား လမ်းစည်းကမ်းအကြောင်း ပညာပေးရန်လိုအပ်နေပြီဟု လမ်းအသုံးပြုသူများက ဆိုသည်။

ရန်ကုန်မြို့တွင်း အဌားတက္ကစီများ၊ ခရီးသည်တင်ကားများသာမက အိမ်စီးကိုယ်ပိုင်ယာဉ်ငယ် မောင်းနှင်သူအချို့ပါ ခရီးသည်တင်မှတ်တိုင် မျဉ်း၀ါကွက်အတွင်း ရပ်တန့်ထားခြင်း၊ ရန်ကုန်မြို့တွင်း လူသွားစင်္သီ ပလက်ဖောင်းများထိပ်တွင် ယာဉ်များ ပိတ်ဆို့ရပ်တန့်ထားခြင်း၊ လမ်းမကြီးများပေါ် ကားများသွားမရအောင် ယာဉ်နှစ်ထပ်ပိတ်ရပ်ခြင်းများကို လမ်းဆုံယာဉ်ထိန်းရဲ အဆောက်အအုံများ၀န်းကျင်တွင် မြင်တွေ့ရသော်လည်း အရေးယူမှုအားနည်းသဖြင့် စည်းကမ်းမဲ့မှုများ ဆိုးရွားလာရသည်ဟု လမ်းမတော်မြို့နယ်တွင်းနေသူများက ဆိုသည်။

ထို့အတူ ရန်ကုန်မြို့တွင်း လမ်းများပေါ်ရှိ free way ယာဉ်ကြောများတွင် အတည့်သွားမည့်ယာဉ်များ ပိတ်ဆို့နေရာယူထားခြင်း၊ လမ်းဆုံများတွင် ကွေ့ကြောသွားမည့်ယာဉ်များ အတည့်ကြောတွင်နေရာယူထားခြင်းများကို ဘုရင့်နောင်လမ်းဆုံ၊ ဘုရင့်နောင်လမ်းမပေါ်ရှိ ပါရမီမီးပွိုင့်လမ်းဆုံ၊ ချော်တွင်းကုန်း ကမ္ဘာအေးစေတီလမ်းပေါ်ရှိလမ်းဆုံ အစရှိသောနေရာတို့တွင် ယာဉ်ထိန်းရဲများရှေ့တွင် ပြုလုပ်နေသော်လည်း အရေးယူမှုအားနည်းကြောင်း၊ လမ်းဆုံများတွင် စောင့်ကြည့်ကင်မရာများ တပ်ဆင်ထားသည်ဆိုသော်လည်း ယာဉ်စည်းကမ်းလိုက်နာမောင်းနှင်မှု အားနည်းနေသည်မှာ ယာဉ်ကြောပိတ်ဆို့မှုကို ဖြစ်စေသည်ဟု လမ်းအသုံးပြုသူများက ဆိုသည်။

ရန်ကုန်မြို့တွင်း ဌာနဆိုင်ရာ နှစ်ခုမှ မော်တော်ဆိုင်ကယ်အစီးရေ ၆၅ စီးသာ တရားဝင်ခွင့်ပြုထားရာမှ ယခုအခါ အစီးရေ ၁၀၀ ဝန်းကျင် ခွင့်ပြုထားသည်ဟုသိရသော်လည်း တရားမ၀င်စီးနင်းနေသော မော်တော်ဆိုင်ကယ်အရေအတွက်မှာ ဆယ်ဆမက များပြားနေကြောင်း၊ တရားမ၀င်စီးနင်းနေသည်သာမက သုံးဦးစီးခြင်း၊ ဦးထုပ်မဆောင်းခြင်းတို့ကို ယာဉ်ထိန်းရဲများရှေ့ ဖြတ်သန်းမောင်းနှင်သော်လည်း မော်တော်ဆိုင်ကယ်ဖမ်းအဖွဲ့မဟုတ်လျှင်အရေးမယူခြင်းတို့ကြောင့် နေရာအနှံ့ရဲတင်းစွာ စီးနင်းနေကြောင်း၊ မေ ၁၀ ရက် ည ၉ နာရီဝန်းကျင်ဘုရင့်နောင်လမ်းမကြီး အင်းစိန်မြို့နယ် ငါးလုပ်ငန်းရှေ့တွင် မော်တော်ဆိုင်ကယ်တစ်စီး ယာဉ်တိုက်မှုဖြစ်ပွားကာ စီးနင်းသူမှာ မီးလောင်သေဆုံးခဲ့ကြောင်း မျက်မြင်တွေ့ရှိသူ ခရီးသွားများက ဆိုသည်။ တစ်ဦးချင်း မော်တော်ဆိုင်ကယ်စီးနင်းမှုသာမက စီးပွားဖြစ် ဆိုင်ကယ်တက္ကစီ ပြေးဆွဲခြင်းကို ဆင်ခြေဖုံးများတွင်သာမက ရန်ကုန်မြို့တွင် မကြာမီက ဖွင့်လှစ်ပေးသော ကမ်းနားလမ်းမသစ်ဘေးတွင် ဆိုင်ကယ်တက္ကစီဂိတ်တွေ့ရှိရသည်ဟု ယာဉ်မောင်းတစ်ဦးက ဆိုသည်။

ရန်ကုန်မြို့တွင်း ယာဉ်ကြောပိတ်ဆို့မှုလျော့ကျရေးအတွက် သက်ဆိုင်ရာမှ ငွေကြေးအမြောက်အမြား အကုန်အကျခံပြီး ခုံးကျော်တံတားများ တည်ဆောက်သကဲ့သို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုရှိရေးကိုပါ အဓိကထားလုပ်ဆောင်ပေးသင့်ပြီဟု ရန်ကုန်မြို့တွင်းသွားလာသော၊ ရပ်တန့်သော ယာဉ်မျိုးစုံ၏ သွားလာမှုများမှ ညွှန်ပြနေသည်ဟု ရန်ကုန်မြို့တွင်းနေသူများက ဆိုသည်။ **(မောင်စေအောင်)**

Asian Diary Travels & Tours Co.,Ltd.
May . 23 .
May . 23 .
Ph : 01-3[illegible], 04-31[illegible], 04-72[illegible], 09-5[illegible], 09-2[illegible]

UNITED NATIONS DEVELOPMENT PROGRAMME

Vacancy Announcement - 01/UNDP HR/2013 (Re-advertised)

Functional Title	National Project Manager/Senior Economic Statistician
Grade	SC-9
Type of Contract	Service Contract
Duration of Assignment	One year with the possibility of extension
Duty Station	Based in Yangon (Frequent travel to May Pyi Taw and survey sites as required)

For more details please refer to information on the UNDP board at UNDP Office, No 6 Natmauk Road, Yangon or please follow the link below
http://www.[illegible].org/Myanmar/Vacancies.htm
Applications should be addressed to Deputy Resident Representative (Operations) Attention: Human Resources Unit, No. 6, Natmauk Road, UNDP, Yangon or apply on-line through application mail@undp.org. Female candidates are encouraged to apply.
Candidates who have already submitted their applications for this post need not re-apply. Only those candidates in whose qualifications and experience the Organization has further interest will be contacted for subsequent interviews.

Closing date: 31 May 2013

ဘုရားကြီးပင်းသံ ပြောပြခဲ့တဲ့

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၅)
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် (၄)ထပ်စာသင်ဆောင် ပေ(၁၂၈×၈၀)တတိယထပ်ဆောက်လုပ်ခြင်းအတွက် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
၁။ ဘိလပ်မြေ - ၉၈ တန်
၂။ အခြားသား - ၅၈. ၅ တန်
၃။ ကြေပြား - ၈၀၁၃ စတုရန်းပေ
၄။ အမိုးပြား - ၅၂၀၆ ပေ
၅။ အလူမီနီယံ (တံခါး၊ ပြတင်း) ပစ္စည်းများ - ၃၉၆၈ စတုရန်းပေ
၆။ Smart Board - ၈၇၅၁ စတုရန်းပေ
၇။ C.Channel နှင့် H-Section - ၁၁. ၂၆ တန်
တင်ဒါပုံစံရောင်းချမည့်ရက် - ၂၀၁၃ ခုနှစ်၊ မေလ ၂၀ရက်
တင်ဒါပိတ်မည့်ရက် - ၂၀၁၃ခုနှစ်၊ မေလ ၂၈ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆:၀၀နာရီ
တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။
ဒုတိယအင်ဂျင်နီယာမှူးကြီးရုံး၊အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၅)၊ အမှတ်(၁၄)၊ သံသုမာလမ်းနှင့်သေနတ်ပစ်ကွင်းလမ်းထောင့်၊ တောင်ဥက္ကလာပမြို့နယ်
ဖုန်း-၀၁-၅၆၄၀၇၊ ၀၁-၅၆၄၀၈

အိမ်အမြန်ရောင်းမည်
ပေ(၂၀×၆၀)၊ ၄၆၃(ခ)၊ သုမနလမ်း၊ ၁၆/၃ရပ်ကွက်၊ သယ်နန်းကျွန်း။
ဖုန်း-၀၉-၄၅၀၀၆၃၈၀၆၊
၀၉-၅၁၁၇၆၄၃၊ ၀၁-၈၁၀၀၅၁၁၀

ကိန်းရုပ်ရှင်ပွဲတော် ကျင်းပစဉ် သေနတ်တစ်လက်နှင့် လူတစ်ဦး ပမ်းမိ

နိုင်ငံတကာ ရုပ်ရှင်ကားပေါင်းများစွာနှင့် ခြိမ့်ခြိမ့်သဲကျင်းပလျက်ရှိသည့် ပြင်သစ်နိုင်ငံ၏ ကိန်းနိုင်ငံတကာရုပ်ရှင်ပွဲတော်ကို မေ ၁၅ ရက်မှ စတင်ကျင်းပလျက်ရှိရာ သောကြာနေ့က အမည်မသိလူတစ်ဦးအား သေနတ်တစ်လက်နှင့်အတူ ဆူပူလှုပ်ရှားမှုမပြုမီ အချိန်မီ ဖမ်းဆီးနိုင်ခဲ့ကြောင်း ဟောလိဝုဒ်ရီပိုတာ သတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

အဆိုပါဖြစ်စဉ်သည် ပွဲတော်၏ ဂျူရီအဖွဲ့ဝင်များဖြစ်ကြသည့် ခရစ္စတိုဝေါ့လ်ဇ်နှင့် ဒန်နီယယ်တို့က Le Grand Journal တီဗီရုပ်သံလိုင်း၏ ညစဉ်ညတိုင်း ထုတ်လွှင့်ပြသလျက်ရှိသည့် သတင်းနှင့် ဖျော်ဖြေရေးကဏ္ဍများအတွက် အမေးအဖြေကဏ္ဍပြုလုပ်နေစဉ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဝေါ့လ်ဇ်နှင့် ဒန်နီယယ်တို့က စင်နောက်ဘက်သို့ ကြိုတင်ကာကွယ်မှုများပြုလုပ်ရန်အပြေးအလွှားသွားရောက်ခဲ့ကြသည်။

ယင်းနောက် တာဝန်ရှိသူများက အဆိုပါပုဂ္ဂိုလ်အားပွဲတော်အတွင်းမှ ခေါ်ထုတ်သွားခဲ့ပြီးနောက် အခမ်းအနားအစီအစဉ်များကိုလည်း လုံခြုံရေးအင်အားအပြည့်အဝဖြင့် ဆက်လက်ကျင်းပနိုင်ခဲ့ကြောင်း သိရသည်။



ဗြိုးစန္ဒာမြင့် စုစည်းရေးသားသည်

ဘဝမှာ ဂီတကသာ အရေးအကြီးဆုံးပါ ဟုဆိုသူ တေးသံရှင် မိုင်လီဆိုင်းယက်စ်

အမေရိကန်သရုပ်ဆောင် မိုင်လီဆိုင်းယက်စ်(ယာပုံ)က သရုပ်ဆောင် လိုင်ယမ်ဟမ်းစ်ဝေါ့တ်နှင့်ပတ်သက်ပြီး ကောလာဟလများထွက်ပေါ်နေမှုများအပေါ် တိမ်းရှောင်နေခြင်းသည် သူမအတွက် အကောင်းဆုံးနည်းလမ်းဖြစ်သည်ဟု ဆိုသည်။

အချို့သော မီဒီယာများက ရှူထောင့်ပေါင်းစုံမှ ဓာတ်ပုံများလိုက်ရိုက်ကာ ၎င်းတို့နှစ်ဦး၏ဆက်ဆံရေးအကြောင်းနှင့် ဆိုင်းယက်စ်၏လက်သူကြွယ်တွင် စေ့စပ်လက်စွပ် မဝတ်ဆင်ထားခြင်းတို့အတွက် မေးခွန်းများဆက်တိုက်မေးခြင်းများကို ကြုံတွေ့ခဲ့ရသည်။

"ဒါဟာ တကယ်ကို ရူးနှမ်းတဲ့အလုပ်ပါ။ ကျွန်မက တစ်နေ့ချင်းပဲ ဖြတ်သန်းပါတယ်။ ကျွန်မဘဝမှာ ဂီတကသာ အရေးအပါဆုံးဖြစ်တယ်။ ဒါကို သက်သေလည်းပြခဲ့ပြီးပါပြီ၊ ပရိသတ်တွေကလည်း ဒါကိုပဲ အာရုံထားပါတယ်"ဟု ယခုတစ်ပတ်အတွက် Maxim Hot 100 ပါတီပွဲအခမ်းအနားတွင် ဆိုင်းယက်စ်က ပြောကြားခဲ့သည်။

ထို့ပြင် တေးသံရှင် မိုင်လီဆိုင်းယက်စ်က Maxim Hot 100 စာရင်းတွင် နံပါတ်တစ်အနေဖြင့် ရပ်တည်နိုင်ခဲ့မှုအပေါ် မှားစွာရင်ခုန်နေပါကြောင်းနှင့် "ကျွန်မ တကယ်ကို ဂုဏ်ပြုခံခဲ့ရတာပါ။ ကျွန်မရဲ့ပရိသတ်တွေက အားပါးတရနဲ့ ကျွန်မကို မဲပေးခဲ့ကြပြီး ကျွန်မကိုဘယ်လောက် အားပေးတယ်ဆိုတာ သက်သေပြလိုက်တာပါပဲ။ ကျွန်မထင်ပါတယ်။ ကျွန်မမှာ ကမ္ဘာ့အင်အားအတောင့်တင်းဆုံးပရိသတ်အင်အားရှိနေပါတယ်"ဟု ပြောကြားခဲ့သည်။

တေးသံရှင် ကာရိုလ်ကင်းအား သမ္မတ အိုဘားမားကိုယ်တိုင် အိမ်ဖြူတော်၌ ဂုဏ်ပြုမည်

အမေရိကန်သမ္မတ ဘာရက်အိုဘားမားက တေးရေးဆရာနှင့် အဆိုတော် ကာရိုးလ်ကင်းအား ရေပန်းအစားဆုံး သီချင်းဆုအတွက် Library of Congress မှ ပေးအပ်သော Gershwin ဆုကို ပေးအပ်ချီးမြှင့်မည်ဖြစ်ပြီး လာမည့် ဗုဒ္ဓဟူးနေ့တွင် ၎င်း၏အိမ်ဖြူတော်၌ ဖျော်ဖြေပွဲတစ်ခု ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အိမ်ဖြူတော်၏ သတင်းထုတ်ပြန်ချက်များအရ ကာရိုလ်အား ဆုချီးမြှင့်ပွဲအခမ်းအနားတွင် သမ္မတ အိုဘားမားကိုယ်တိုင် တက်ရောက်ချီးမြှင့်မည်ဖြစ်ကြောင်းနှင့် အခြားသောဖျော်ဖြေတင်ဆက်မှုများအနေဖြင့် ဆုရှင် ကာရိုလ်ကင်း၊ ဂလိုရီယာအိစ်ဖန်၊ ဘီလီဂျိုးလ်၊ ဂျိမ်းစ် တေလာနှင့် ထရီရှာရီးယားဝုဒ် စသည့် အဆိုရှင်များက ဖျော်ဖြေတင်ဆက်ပေးကြမည်ဖြစ်ကြောင်းသိရသည်။

တေးသံရှင် ကာရိုလ်သည် Gershwin ဆုရရှိသည့် ပထမဆုံးသော အမျိုးသမီးတေးသံရှင်ဖြစ်ပြီး လွန်ခဲ့သည့် ဆယ်စုနှစ် ငါးခုအတွင်းက သူမရေးသားခဲ့သော You've Got a Friend သီချင်း၊ So Far Away သီချင်းနှင့် You Make Me Feel Like သီချင်းတို့ကြောင့် ယင်းဆုကို ရရှိခဲ့ခြင်း ဖြစ်သည်။

သမ္မတအိမ်တော်၌ကျင်းပမည့် အဆိုပါဖျော်ဖြေပွဲကို www.whitehouse.gov မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ပြီး ယင်းအခမ်းအနားကို ပီဘီအက်စ်ရုပ်သံလိုင်းမှ မေ ၂၈ ရက်တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

The Voice အဆိုပြိုင်ပွဲတွင် ဖြန်လည်အားဖြည့်မည့် မျိုးပြောကြယ်ပွင့် အဂူလီယာနှင့် စီလိုဂရင်း

အင်နာဘီစီရုပ်သံလိုင်းမှ ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ထုတ်လွှင့်ပြသမည့် The Voice အဆိုပြိုင်ပွဲတွင် ပေါ့ပ်အဆိုတော် ခရစ္စတီနာအဂူလီယာ၊ စီလိုဂရင်း၊ အေဒမ်လဗင်းနှင့် ဘလိတ်ရှယ်လ်တန်တို့က အကဲဖြတ်ဒိုင်လူကြီးများအဖြစ် ပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း အဆိုပါရုပ်သံလိုင်း၏ ဥက္ကဋ္ဌဖြစ်သူက သောကြာနေ့တွင် အတည်ပြုကြေညာခဲ့သည်။ ယခင်က The Voice အဆိုပြိုင်ပွဲ၏ အကဲဖြတ်ဒိုင်များဖြစ်ကြသည့် အဂူလီယာနှင့် R&B အဆိုတော် စီလိုဂရင်းတို့နှစ်ဦး၏နေရာကို ကိုလံဘီယာအဆိုတော် ရှာကီရာနှင့် R&B အဆိုတော် အက်ရှာတို့က အစားထိုးဝင်ရောက်လာခဲ့သည်။

"ကျွန်မတို့ရဲ့ The Voice မိသားစုကြီးရဲ့ အကဲဖြတ်ဒိုင်အဖွဲ့ဝင် လေးဦးကနေ ခြောက်ဦးအထိ တိုးတက်လာခဲ့တဲ့အတွက် အရမ်းရင်ခုန်ရပါတယ်။ အကဲဖြတ်ဒိုင်တွေရဲ့ ဂီတလောကမှာအောင်မြင်ခဲ့တဲ့ အောင်မြင်မှုတွေနဲ့ ဂီတမျိုးဆက်သစ်တွေရဲ့ ချိန်ညှိမှုတွေကို အားပါးတရတွေ့ရမှာပါ။ ယခုလာမယ့်ပွဲဟာ အကောင်းဆုံးသောပွဲတစ်ပွဲဖြစ်လာ မှာပါ"ဟု ယင်းအဆိုပြိုင်ပွဲ၏ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

စပိန်ဘုရင့်ဖလား အက်သလက်တီကိုမက်ဒရစ်ဆွတ်ခူး ရီးယဲလ်မက်ဒရစ် ဖလားလက်မဲ့ရာသီဖြစ်ခဲ့ရ



စပိန်ဘုရင့်ဖလား နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် ဆန်တီယေဂိုဘာနေဗျူး၌ ရီးယဲလ်မက်ဒရစ်အသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရီးယဲလ်မက်ဒရစ်အသင်းသည် အက်သလက်တီကိုမက်ဒရစ်အသင်းကို နှစ်ဝိုး-တစ်ဝိုးဖြင့် ရှုံးနိမ့်ကာ ယခုနှစ်ဘောလုံးရာသီအတွက် ရီးယဲလ်မက်ဒရစ်အသင်း ဖလားလက်မဲ့ဖြစ်ခဲ့ရပြီး အက်သလက်တီကိုမက်ဒရစ်အသင်းမှာမူ စပိန်ဘုရင့်ဖလားကို ကိုင်မြှောက်ကာအောင်ပွဲခံနိုင်ခဲ့ပြီဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ယင်းပွဲစဉ်တွင် ဘင်ဇီမာ၊ စီရိုနယ်လ်ဒို၊ ခီဒီရာ၊အလွန်ဆို၊အိုဇေလ်၊ လူကာ မိုဒရစ်၊အက်စီယန်၊ရာမို့စ်စသည့် ဝါရင့်ကစားသမားများဖြင့် ပွဲထွက်လာခဲ့သော်လည်း ကိုစတာ၊ဖယ်ကာအို၊ ဂါဘီဖာနန်ဒက်ဇ်၊ မီရန်ဒါ၊ ဖီးလစ်ပီ စသည့် ကစားသမားများကို အသုံးပြုကာ ၄-၄-၂ ပုံစံဖြင့် ပွဲထွက်လာသည့် အက်သလက်တီကိုမက်ဒရစ်အသင်းကို နှစ်ဝိုး-တစ်ဝိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ယင်းပွဲစဉ်တွင်ပွဲကစားချိန် ၁၄ မိနစ်တွင် စီရိုနယ်လ်ဒို၏ သွင်းဝိုးဖြင့် အဖွင့်ဝိုးရရှိခဲ့သော်လည်း ပွဲကစားချိန် ၃၅ မိနစ်တွင် ဖယ်ကာအို၏ ဖန်တီးပေးပို့မှုကို ဒီယေဂိုကိုစတာက ဝိုးအဖြစ်ပြောင်းလဲနိုင်ခဲ့၍ တစ်ဖက်တစ်ဝိုးစီ သရေပွဲဖြစ်ခဲ့ရသည်။

ထို့ကြောင့် တစ်ဖက်တစ်ဝိုးစီသရေပွဲဖြစ်ခဲ့၍ အချိန်ပိုကစားခဲ့ရာတွင် ရီးယဲလ်မက်ဒရစ်အသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့သည် စပိန်ဘုရင့်ဖလား ချန်ပီယံအဖြစ် ရပ်တည်နိုင်ရေး အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ ပြိုင်ပွဲသည် ပြိုင်ဆိုင်မှုပိုမိုပြင်းထန်လာကာ ရီးယဲလ်မက်ဒရစ်အသင်း၏ အားထားရသောပေါ်တူဂီတောင်ပံ ကစားသမားခရစ္စတီယာနိုရိုနယ်လ်ဒိုနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းမှ ဂါဘီဖာနန်ဒက်ဇ်တို့ အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရသည့်တိုင်အောင် ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။

သို့သော် ၉၉ မိနစ်တွင် အက်သလက်တီကို မက်ဒရစ်အသင်းကစားသမား မီရန်ဒါက တစ်ဝိုးထပ်မံသွင်းယူခဲ့သဖြင့် ရီးယဲလ်မက်ဒရစ်တို့ ရှုံးနိမ့်ခဲ့ရသည်။ထို့ကြောင့် ရီးယဲလ်မက်ဒရစ်အသင်းသည် စပိန်လာလီဂါပြိုင်ပွဲတွင် ဘာစီလိုနာအသင်း၏ ခြေစွမ်းကို ကျော်လွှားနိုင်ခဲ့ခြင်းမရှိခဲ့၍ ပြည်တွင်းလိဂ်ဖလားကို လက်ရှိမှ လက်မဲ့ဖြစ်ခဲ့ရခြင်း၊ချန်ပီယံလီဂ်တွင် ဒေါ့မွန်အသင်းကို နှစ်ကျော့ပေါင်းရလဒ် လေးဝိုး-သုံးဝိုးဖြင့် ရှုံးနိမ့်ကာ ဥရောပပြိုင်ပွဲကြီးကို စွန့်ခွာခဲ့ရခြင်းနှင့် လက်ရှိတွင်လည်း စပိန်ဘုရင့်ဖလားပြိုင်ပွဲတွင်လည်း အက်သလက်တီကိုမက်ဒရစ်အသင်းကို ရှုံးနိမ့်ကာ ယခုနှစ်ရာသီအတွက် ဖလားလက်မဲ့ဖြစ်ခဲ့ရပြီး အက်သလက်တီကိုမက်ဒရစ်အသင်းမှာ ဘာနေဗျူး၌ စပိန်ဘုရင့်ဖလားကို ရယူကာ အောင်မြင်မှုမှတ်တိုင် စိုက်ထူနိုင်ခဲ့ပြီဖြစ်သည်။

တောရက်စ်နှင့်ဇက်ကိုအား ဖီအိုရင်တီးနား ပစ်မှတ်ထားနေ

အီတလီစီးရီးအေကလပ် ဖီအိုရင်တီးနားအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ဂျိုးဗီတစ်အား အာဆင်နယ်အသင်းသို့ ရောင်းချခဲ့ပါက ချယ်လ်ဆီးတိုက်စစ်မှူး ဖာနန်ဒိုတောရက်စ် သို့မဟုတ် မန်စီးတီးတိုက်စစ်မှူး ဇက်ကိုကို ခေါ်ယူမည်ဟု ဆိုသည်။

အာဆင်နယ်အသင်းအနေဖြင့် ဂျိုးဗီတစ်အား ပေါင်သန်း ၂၀ ဖြင့် ခေါ်ယူတော့မည် ဖြစ်ခြင်းကြောင့် အပြောင်းအရွှေ့စျေးကွက်ပိတ်သိမ်းပါက ဂျိုးဗီတစ်နေရာတွင် အစားထိုးရန် ကစားသမားသစ်တစ်ဦးခေါ်ယူမည်ဖြစ်ကြောင်း ဖီအိုရင်တီးနားအသင်းက ဆိုသည်။ ၂၀၁၁ ခုနှစ် ဇန်နဝါရီ အပြောင်းအရွှေ့တွင် ဖာနန်ဒိုတောရက်စ်အား ချယ်လ်ဆီးအသင်းက ပေါင်သန်း ၅၀ ဖြင့် ခေါ်ယူခဲ့သည့်အပြင် မန်စီးတီးအသင်းကလည်း ဝုလ်စ်ဘက်အသင်းမှ တိုက်စစ်မှူး ဇက်ကိုအား ပေါင် ၂၇ သန်းဖြင့် ခေါ်ယူခဲ့သည်။

လက်ရှိတွင် ဖီအိုရင်တီးနားအသင်းသည် ပရီမီယာလီဂ်မှ အဆိုပါကစားသမားနှစ်ဦးအား ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

နိုင်လင်းကြည်

ကျူပီအာဂိုးသမား ဂျူလီယိုဆီဇာအား စာချုပ်ခေါ်ယူရန် အာဆင်နယ် မျှော်လင့်

ပရီမီယာလီဂ်ကလပ် အာဆင်နယ်အသင်းသည် ယခုနှစ်ရာသီတွင် ပရီမီယာလီဂ်မှ ချန်ပီယံရှစ်သို့ တန်းဆင်းသွားခဲ့ပြီဖြစ်သော ကျူပီအာအသင်းမှ ဘရာဇီးဂိုးသမား ဂျူလီယိုဆီဇာအား ခေါ်ယူရန် စပ်မှတ်ထားလျက်ရှိပြီး တစ်ပတ်လုပ်ခ ပေါင် ၇၀၀၀၀ ဖြင့် ခေါ်ယူရန် ဆန္ဒရှိနေကြောင်း သိရသည်။

ကျူပီအာဂိုးသမား ဂျူလီယိုဆီဇာသည် အင်တာမီလန်အသင်းမှ ကျူပီအာအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ချန်ပီယံရှစ်သို့ တန်းဆင်းရမည့်အရေးကို ရှောင်ရှားရန် ယခုနှစ်ဘောလုံးရာသီတွင် အကောင်းဆုံးလက်စွမ်းပြခဲ့သူ ဖြစ်သည်။

ဂျူလီယိုဆီဇာကို အာဆင်နယ်အသင်းက ခေါ်ယူရန်စိတ်ဝင်စားနေသည့်အပြင် အီတလီစီးရီးအေကလပ် အေစီမီလန်အသင်းကလည်း အီတလီမြေသို့ ပြန်လည်ခေါ်ယူရန် ဆန္ဒရှိနေကြောင်း သိရသည်။

ကျူပီအာအသင်းအနေဖြင့် ဂိုးသမားဂျူလီယိုဆီဇာအား တစ်ပတ်လုပ်ခလစာ ပေါင် ၇၀၀၀၀ ရရှိပါက အသင်းမှ ထွက်ခွာခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

(၅၀)ကြိမ်မြောက် ရွှေရတုမြန်မာ့ကျောက်မျက်ရတနာ ပြပွဲ အထိမ်းအမှတ်အဖြစ် အမှတ်တရပစ္စည်းများ ထုတ်လုပ်ရောင်းချရေးကိစ္စ

- အမှတ်တရပစ္စည်းအမျိုးအစား။ ကျောက်စိမ်းရုပ်တု/ရုပ်ထွင်း၊ သစ်သားရုပ်တု/ရုပ်ထွင်းထည်များနှင့် ၎င်းရုပ်တု/ရုပ်ထွင်းပါ သော့ချိတ်များ၊ အမှတ်တရဖြစ်စေမည့် အခြားမြန်မာလက်မှုထည်ပစ္စည်းများ၊ ဦးထုပ်၊ စွပ်ကျယ်၊ အိတ်စသည့် ချုပ်လုပ်ပြီးထည်များ။
- အထိမ်းအမှတ်တံဆိပ်။ ကျောက်မျက်အသင်းချုပ်မှ သတ်မှတ်ထားသော(LOGO)တံဆိပ်နှင့် စာတန်းကိုသာ အသုံးပြုရမည်။ နမူနာကို အသင်းချုပ်တွင် တောင်းခံရယူနိုင်ပါသည်။
- အမှတ်တရ ထုတ်လုပ်ရောင်းချလိုသော ပစ္စည်းအမျိုးအစား နမူနာများကို ကျောက်မျက်အသင်းချုပ်(ရန်ကုန်)သို့ ၁၅-၅-၂၀၁၃ ရက်မှ ၃၁-၅-၂၀၁၃ ရက်အတွင်း လူကိုယ်တိုင် လာရောက်ပေးသွင်းနိုင်ပါသည်။
- ကျောက်မျက်အသင်းချုပ်မှ စိစစ်အတည်ပြုပြီး အမှတ်တရပစ္စည်းများကိုသာ မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တင်ပြရောင်းချခွင့်ပြုပါမည်။
- အမှတ်တရပစ္စည်း ထုတ်လုပ်ရောင်းချလိုသူများသည် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဖုန်း-၂၃၀၀၁၅၉၊ ၂၁၈၄၅၁၊ ၀၉ ၈၆၁၁၂၈၅ (ရန်ကုန်)
ဖုန်း-၀၆၇-၄၃၂၃၈၄၊ ၀၆၇-၄၃၂၃၈၁(နေပြည်တော်)
မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်

လုပ်ငန်းအသုံးပြုနိုင်သောမြေကွက်ငှားမည်

သယံန်းကျွန်းမြို့နယ်၊ သုဝဏ္ဏအပိုင်း၊ သံသုဓာလမ်းကြီးပေါ်ရှိ ပေ(၁၃၀ × ၂၆၀) အကျယ်အဝန်းရှိသော မြေကွက်၊ ထောင့်ကွက်၊ မျက်နှာစာ နှစ်ဖက်၊ ၃၁၅ KVA ကိုယ်ပိုင်ထရန်စဖော်မာ၊ ပေ(၂၅×၁၀၀)ရှိ တစ်ထပ်အဆောက်အအုံ ၁ လုံး၊ ရေ စည်ပင်+အဝီစိတွင်း၊ အုတ်ခြံစည်းရိုးလေးဖက်ကာရံပြီး

စုံစမ်းရန်ဖုန်း-၀၉၇၃၁၁၈၀၉၉၊ ၀၉၅၁၃၃၀၃၃(ရုံးချိန်အတွင်း)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၀၀/အေ၊ မြေကွက်အမှတ် -၁၂၂ မြေကွက်တည်နေရာအမှတ် ၁၂၂/၂ ညောင်တပင်လမ်း၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန်၊ မစိန်ပုအမည်ပေါက် L (သက်ကုန်)မြေအား အမည်ပေါက် မစိန်ပုထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ် အဆက်အစစ်တင်ပြ၍ ဒေါ်ခင်အေးအေးဆွေ [၁၂/မရက(နိုင်)၀၃၀၃၅]တို့ထံမှ ကိုယ်စားလှယ်လွှဲစာအမှတ် ၁၁၀၉၆/၁၂ (၂၀-၆-၁၂)ဖြင့် ပါ၀ါရသူ ဦးဝင်းဗိုလ်မှ အထူးဂရန် လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မဟာသံသရာရုပ်ရှင်တော်မြတ်ကြီးပူဇော်ပွဲ

အောက်ပါအစီအစဉ်အတိုင်း ပူဇော်မည်ဖြစ်ပါသဖြင့် မည်သူမဆို လာရောက်ဖူးမြော် ကြည်ညိုနိုင်ပါကြောင်း လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ပူဇော်မည့်နေရာ - အမှတ်(၁၆၆/၁၆၈)၊ အခန်း(၁၇)၊ ပ-ထပ်၊ ၂၇လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပူဇော်မည့်ရက်စွဲ၊ အချိန် - ၂၀-၅-၂၀၁၃ ရက် ညနေ ၂ နာရီမှ ၂၂-၅-၂၀၁၃ ရက် ညနေ ၂ နာရီထိ

အောင်သပြေကုမ္ပဏီမိသားစု

ပြည်ပလုပ်ငန်းအတွေ့အကြုံရှိသော

Pipe Fitter, Steel Fitter, Welder, Painter, Rigger, E & I နှင့် Safety Promotor

(ဆက်သွယ်ရန်-ကျောက်ကပ်ဆေးရုံကားပေါ်-(111(5))

ခရီး သတိပြု



စိတ်ဝေဒနာရှင်က အသုပ်ဆိုင်ကို ဓာတ်ဆီလောင်းမီးရှို့

ရန်ကုန် မေ ၁၈

ရန်ကုန်မြို့ မြောက်ဥက္ကလာပတွင် စိတ်ရောဂါဝေဒနာခံစားနေသူတစ်ဦးက အရက်အလွန်အကျွံသောက်ရာမှ ရောဂါပြန်ထလာပြီး လမ်းဘေးအသုပ်ဆိုင်မှ ဈေးရောင်းသူနှင့် စကားများခိုက်ရန်ဖြစ်ပွားစဉ် အသုပ်ဆိုင်အား ဓာတ်ဆီ ပက်ဖျန်းမီးရှို့မှုတစ်ခု ဖြစ်ပွားခဲ့သည်။ **(ယာဝဲ)**

ဖြစ်ပွားမှုမှာ မေ ၁၄ ရက် နံနက် ၁၁နာရီ မိနစ် ၄၀ခန့်တွင် မြောက်ဥက္ကလာပ (၄) ရပ်ကွက် ခွာညို(၃)လမ်းနေ အောင်ကျော်ကျော် (၄၁) နှစ်သည် အရက်သောက်ပြီး ပြန်လာစဉ် စိတ်ရောဂါပြန်ထလာပြီး သစ္စာပန်းလမ်းနှင့် ခွာညို(၄) လမ်းထိပ်ရှိ ဒေါ်စန်းစန်းနွယ် (၅၆) နှစ်၏ အသုပ်ဆိုင်သို့ဝင်ရောက်ထိုင်စဉ် တစ်ဦးနှင့်တစ်ဦး အချေအတင်စကားများရာမှ အသုပ်ဆိုင်အား အောင်ကျော်ကျော်က ဆိုင်ခေါင်မိုးပေါ် ဓာတ်ဆီပက်ဖျန်းပြီး မီးရှို့ခဲ့သည်။ ယင်းမီးရှို့မှုကြောင့် အသုပ်ဆိုင်အမိုးထီးတို့အား မီးစွဲလောင်စဉ် အနီးတစ်ဝိုက်မှ ပြည်သူများက ပိုင်းဝန်းဖြိုမ်းသတ်ခဲ့ကြသည်။

ကျူးလွန်သူအောင်ကျော်ကျော်အား ဝေဘာဂီရဲစခန်းမှ(၀) ၁၂၈/၂၀၁၃၊ ပုဒ်မ ၄၃၆ အရ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝ၃၅)**

ဆန်းရွှေပြည်ကုမ္ပဏီမှ အင်းလုပ်သား အင်းအတွင်းပြုတ်ကျသေဆုံး

ရမည်းသင်း မေ ၁၈

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပြည်သူ့ဆေးရုံကြီးသို့ မေ ၁၆ ရက် ညနေက အင်းအတွင်းပြုတ်ကျသေဆုံးသည့် အမျိုးသားအလောင်း တစ်လောင်းရောက်ရှိကြောင်း သတင်းအရ တူးကုန်းရဲစခန်းမှ တပ်ကြပ်ကြီး အေးကြူတပ်ကြပ် ကျော်မျိုးသူတို့ သွားရောက်ကြည့်ရှု၍ စစ်ဆေးသည်။

သေဆုံးသူမှာ မိုးထိမိုးမိရွှေတောနယ်မြေ ဆန်းရွှေပြည်ကုမ္ပဏီမှ စောနန်းအောင် (၃၀)နှစ် အင်းလုပ်သား ဘုတလင်မြို့နယ်နေသူဖြစ်ပြီး ၎င်းသည် မေ ၁၅ ရက် ညနေ ၃ နာရီ မိနစ် ၂၀ ခန့်တွင် ဘုရားကုန်းရွာ ဆန်းရွှေပြည်သို့ အလုပ်သွားစဉ် အင်းအတွင်းပြုတ်ကျကာ ဦးခေါင်းထိပ်ပေါက်ပြဲ ဒဏ်ရာတစ်ချက်၊ ဝဲမျက်ခုံးပေါက်ပြဲ ဒဏ်ရာတစ်ချက်တို့ ရရှိသေဆုံးခဲ့သည်။

ကုမ္ပဏီတာဝန်ရှိသူ တစ်ဦးအား စစ်ဆေးဆောင်ရွက်လျက်ရှိကာ သေမှုသေခင်း အမှတ်စဉ် ၁၀/၁၃ ဖြင့် တူးကုန်းရဲစခန်းမှူး ဒုရဲအုပ် သန်ဇော်ထွေးက စစ်ဆေးဆောင်ရွက်လျက်ရှိသည်။ **(၁၁၅)**

ကျောင်းပျဉ်းကတိုးတိုင်ဟောင်းသယ်ဆောင်သူ တိုင်ပိတ်သေဆုံး

သာပေါင်း မေ ၁၈

သာပေါင်းမြို့နယ် ကြို့ကုန်းကျေးရွာ ဓမ္မသုခကျောင်းတိုက်ဝင်း၌ မေ ၁၁ ရက် နံနက် ၉ နာရီခန့်တွင် ကျောင်းတိုင်အဟောင်း ရွှေပြောင်းသယ်ဆောင်သူ ကျောင်းတိုင်ဟောင်းပိ၍ သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ မေ ၁၁ ရက်နံနက် ၉ နာရီ ၄၅ မိနစ်ခန့်တွင် သာပေါင်းမြို့နယ် ကြို့ကုန်းကျေးရွာနေသူ ကျော်မင်းအောင် (၄၁)နှစ်သည် ဓမ္မသုခကျောင်းတိုက်ဝင်း၌ သံယာဆောင်ဆောက်လုပ်ရန် အတွက် ကျောင်းအတွင်း၌ထားရှိသော အရှည် ၁၅ ပေလုံးပတ်နှစ်ပေခန့်ရှိ ပျဉ်းကတိုး တိုင်အဟောင်းကို ၎င်းပါရွာသား ရှစ်ဦးနှင့်အတူ တန်းစီထမ်းပြီး ရွှေပြောင်းသယ်ဆောင်ကြရာ ကျောင်းဆောက်ရန် မြေကွက်သို့အရောက် သစ်သားတိုင်မှာ တိမ်းစောင်းသွားသဖြင့် ကျောင်းတိုင်၏ အရှေ့ဖျားမှထမ်းထားသူ ကျော်မင်းအောင်ဘက်သို့ ပိသွားသဖြင့် ကျော်မင်းအောင်၏ ဝဲဘက်နားထင်ပေါက်ပြဲ ဒဏ်ရာရရှိ၍ သေဆုံးသွားခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ သေဆုံးမှုနှင့် ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် ဒု-ရဲအုပ် ဌေးလွင်၏ တိုင်တန်းချက်အရ သာပေါင်းရဲစခန်းမှ သေမှုသေခင်းအမှတ် ၃/၂၀၁၃ ဖြင့် အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ပုသိမ်လှကြည်)

ကားနှင့်စက်ဘီးတိုက်ပြီး တစ်ဦးသေဆုံး

ရန်ကုန် မေ ၁၈

မရမ်းကုန်းမြို့နယ် (၁၀)ရပ်ကွက် ကမ္ဘာအေးစေတီလမ်းနှင့် သစ္စာလမ်းထောင့် မီးပွိုင့်တွင် တိုယိုတာခရောင်းယာဉ်တစ်စီးက စက်ဘီးတစ်စီးအား နောက်မှဝင်တိုက်မိရာ ယာဉ်နှင့် စက်ဘီး ပျက်စီးခဲ့ပြီး စက်ဘီးနောက်မှ လိုက်ပါစီးသူမှာ ရရှိသောဒဏ်ရာဖြင့် သေဆုံးခဲ့မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၃ ရက် နံနက် ၁ နာရီ ၁၅ မိနစ်ခန့်တွင် မရမ်းကုန်းမြို့နယ် (၁၀) ရပ်ကွက် ကမ္ဘာအေးစေတီလမ်းနှင့် သစ္စာလမ်းထောင့်မီးပွိုင့်တွင် မြောက်မှတောင်သို့ ယာဉ်မောင်းအောင်ခိုင်ဖြိုး (၂၉)နှစ် (၂၃)လမ်း (၈)ရပ်ကွက် လသာမြို့နယ်နေသူ မောင်းနှင်လာသော ၉က/. . . တိုယိုတာခရောင်း အစိမ်းရောင်ယာဉ်သည် သစ္စာလမ်းမီးပွိုင့်အရောက် သစ္စာလမ်းအတိုင်း အရှေ့မှအနောက်သို့ အောင်နိုင်ဦး (၂၄)နှစ် ပင်းယ (၁၃)လမ်း (၅)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ် နေသူမှာ စီးနင်းလာသော စက်ဘီးအား ဝင်ရောက်တိုက်မိရာ ယာဉ်နှင့် စက်ဘီးပျက်စီးခဲ့ပြီး အောင်နိုင်ဦး၏ ဝဲဘက်ဦးခေါင်း၊ ဝဲလက်၊ ခြေထောက်တို့တွင် ထိခိုက်ဒဏ်ရာများရရှိခဲ့၍ ရန်ကုန်ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် ပို့ဆောင်ကုသလျက်ရှိပြီး စက်ဘီး၏ နောက်တွင် လိုက်ပါစီးသူ ထက်လွင်ဦး (၂၇) နှစ် ပြဟ္မစိုရ်လမ်း (၆)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ် နေသူမှာ နှာခေါင်း၊ မျက်စိတို့တွင် ဒဏ်ရာများ ရရှိခဲ့ပြီး ရန်ကုန်ပြည်သူ့ ဆေးရုံကြီးသို့ ပို့ဆောင်စဉ်လမ်း၌ သေဆုံးသွားသဖြင့် ယာဉ်မောင်း အောင်ခိုင်ဖြိုးအား မရမ်းကုန်းရဲစခန်းက ယာဉ်(ပ) ၂၁/၂၀၁၃၊ ပြစ်မှုပုဒ်မ ၂၇၉/၃၃၇/ ၃၃၈/၃၀၄- ကဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

(ဝ၃၇)

ဝန်ထမ်းများစီးလာသော ကားကိုခဲဖြင့်ပေါက်

ရန်ကုန် မေ ၁၈

မေ ၁၄ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အနောက်ပိုင်းခရိုင်စည်ပင်သာယာရေးမှူးရုံးမှ ဌာနခွဲမှူး ဦးငွေဘိုး ဦးစီးသော စည်ပင်ဝန်ထမ်း ၅၀ ခန့်နှင့် စည်ပင်သာယာရဲတပ်ဖွဲ့မှ ရဲတပ်ကြပ်ကြီး သိန်းဇော်မြင့်ပါ ၁၀ ဦးတို့သည် ကျောက်တံတားမြို့နယ် (၈)ရပ်ကွက် မဟာဗန္ဓုလလမ်းနှင့် လမ်း (၄၀)ထိပ်ရှိ စည်းကမ်းမဲ့လမ်းဘေးဈေးသည်များအား ရှင်းလင်းရေးဆောင်ရွက်ရာ ဝန်ထမ်းများစီးလာသော စူဇုကီးပစ်ကပ်အဖြူရောင် ယာဉ်နှစ်စီးရပ်ထားစဉ် ဈေးသည်မဲကြီးနှင့် အပေါင်းပါများ (စိစစ်ဆဲ)က တုတ်၊ ခဲ များဖြင့် ပစ်ပေါက်သည်။

အဆိုပါကားနှစ်စီးမှာ ရှေ့လေကာမှန်များကွဲသွားပြီး တန်ဖိုးငွေကျပ် ၁၂၀၀၀၀ ခန့် ပျက်စီးဆုံးရှုံးသဖြင့် မဲကြီးနှင့် အပေါင်းပါများအား စုံစမ်းအရေးယူပေးရန် ကျောက်တံတားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုး (၄၅)နှစ်က တိုင်တန်းသဖြင့် ကျောက်တံတားရဲစခန်းမှ (ပ) ၁၃၄/ ၁၃၊ ပုဒ်မ ၁၀၈ ၆ (၁)ဖြင့် မေ ၁၄ ရက်တွင် အမှုဖွင့်ပြီး အမှုစစ်ရဲအုပ် အုန်းမြင့်က တရားခံများဖမ်းဆီးရမ်ရေး စုံစမ်းလျက်ရှိသည်။

(၃၁)

Elite Tech IT Services Co., Ltd.
No. (A 5/A 10), New Kabar Housing, Mindama Road, (1) Quarter, Mayangone Township, Yangon, Myanmar.
Phone: 01-656945, 01-656946, 01-656947
Email Address: hr@elitetechitservices.com
1. Assistant Sales Manager
2. Sales Staff
3. Accountant
4. Mobile Service Technician (Hardware/Software)



ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့ ပိုလ်တထောင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ၅၂ လမ်း၊ အမှတ်(၁၇)ရှိ အခန်းအမှတ်(၃၀၁)၊ ၃လွှာ၊ (ယာဘက်ခန်း) အကျယ်အဝန်း ပေ(၂၅×၆၀)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးလှဝင်း(ခ) အဗ္ဗဒွလ်ရဟင်[၁၂/ကတတ(နိုင်)၀၂၂၆၄]ထံမှ၀ယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေကစရန် ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်သတ္တ(၂)ပတ်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော အထောက်အထားတင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအ၀ယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခိုင်သဠှာညို (တရားလွှတ်တော်ရှေ့နေ)
အမှတ် (၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၂၀၀၂၃၂၁၀

အထက်မြန်မာပြည်သတင်း

ဇီးချောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်နိုင်ရေး ဆောင်ရွက်

ကလေး မေ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းရှိ ကလေးမြို့ ဇီးချောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်နိုင်ရေးအတွက် ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးယုမော် ဦးဆောင်မှုနှင့် မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးလျန်ခင်းခမ် အနီးကပ်ကြီးကြပ်မှုဖြင့် ရေလှောင်ကန်၌ ရေပိုမိုသိုလှောင်နိုင်ရေး ရေလှောင်ကန်အတွင်းရှိ သဲ၊ နုန်းကျင်းပေါင်း ၁၄၀၀ ကို ဘက်ဟိုးသုံးစီးဖြင့် မေ ၈ ရက်မှ ၁၀ ရက်အထိ သုံးရက်ကြာဖယ်ရှားရှင်းလင်းခဲ့သည်။ **(အပေါ်ယာပုံ)**

ထို့အပြင် ဓာတ်အားလိုင်းကြံ့ခိုင်ရေးနှင့် မြို့သာယာလှပရေးအတွက် ကလေးမြို့လမ်းဆုံ ဗန္ဓုလမြင်းစီးကြေးရုပ်မှ ကလေးဝလမ်း မြို့အဝင်ဆိုင်းဘုတ်အထိ ၄၀၀ ဗို့ဓာတ်အားလိုင်း သစ်သားဓာတ်တိုင်နှင့် သံဓာတ်တိုင်များကို ကွန်ကရစ်တိုင်သံလက်တန်းများဖြင့် အစားထိုးလဲလှယ်ခဲ့ရာ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီ ဖြစ်သည်။

ဆက်လက်၍ ဇီးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁၁ ကေဗွီ ပင်မဓာတ်အားလိုင်း ကလေးတက္ကသိုလ်နှင့် တာဟန်း (၁) ထရန်စဖော်မာကြားရှိ ဆွေးမြည့်သစ်သားတိုင်နှင့် သစ်သားလက်တန်းများအား ကွန်ကရစ်တိုင်သံလက်တန်းများအဖြစ် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို နေ့မီးပိတ်၊ ညမီးပေးစနစ်ဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်း၏ ၆၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်၍ မကြာမီ ကလေးမြို့ ဇီးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လွှတ်နိုင်တော့မည် ဖြစ်ကြောင်း သိရသည်။ **ဂျူနိုင်း**

ကန့်ဘလူ၌ လက်တွန်းထွန်စက်များ ရောင်းချ

ကန့်ဘလူ မေ ၁၈

တောင်သူလယ်သမားများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန် ကျွဲ၊ နွားများကို အသုံးပြုထွန်ယက်နေရာမှ အချိန်ကုန်သက်သာပြီး အရည်အသွေးမြင့်မားသော စက်များဖြင့် ဆန်စပါးများအထွက်တိုးစေရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူမြို့၌ မေ ၁၀ ရက် နံနက် ၉ နာရီက လယ်ယာ (၁၂) လက်တွန်းထွန်စက်များကို ကန့်ဘလူမြို့နယ် စက်မှုလယ်ယာဦးစီးဌာနက ရောင်းချပေးခဲ့သည်။

လယ်ယာ (၁၂) လက်တွန်းထွန်စက်များကို နှစ်နှစ်အတွင်း သုံးရစ်ကျငွေပေးချေစနစ်ဖြင့် ရောင်းချပေးခြင်းဖြစ်ပြီး ပထမအရစ်ငွေကျပ် ၄၉၈၀၀၀၊ ဒုတိယအရစ် ငွေကျပ် ၄၆၈၀၀၀၊ တတိယအရစ် ငွေကျပ် ၄၃၉၀၀၀ ဖြင့် အရစ်ကျ ပေးချေရမည်ဖြစ်သည်။

နွားနှစ်ကောင် (တစ်ရှဉ်း)လျှင် ငွေကျပ် ၁၆ သိန်း၊ ၁၇ သိန်းဖြင့် လက်ငင်းပေးဝယ်နေရသော အချိန်တွင် အရစ်ကျစနစ်ဖြင့် တောင်သူများ လက်ရောက် ရောင်းချပေးသောနိုင်ငံတော်နှင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူးရုံးကို ကျေးဇူးတင်ကြောင်း လက်တွန်းထွန်စက်ဝယ်ယူသူ တောင်သူတစ်ဦးက ပြောပြသည်။ အဆိုပါ လက်တွန်းထွန်စက်များကို ကန့်ဘလူမြို့နယ်နှင့် ကျွန်းလှမြို့တို့၌ လက်တွန်းထွန်စက် ၂၉ စီးကို တောင်သူများက ဝယ်ယူကြပြီး ဂွန်ဒေါင်းအစီး ၃၀ ကိုလည်း ဖြန့်ဝေပေးပြီးဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း**

စစ်ကိုင်းမြို့မဈေးမှ နာရီသံမကြားရသည့်နာရီစင်

စစ်ကိုင်း မေ ၁၈

စစ်ကိုင်းမြို့ မြို့မဈေးသစ်ကြီး တည်ဆောက်ချိန်က ဈေးသစ်ကြီး၏ အပေါ်ထပ်တွင် အချိန်မှန်သည့် နာရီစင်တစ်ခုပါ ပူးတွဲတည်ဆောက်ခဲ့ကြောင်း သိရသည်။

စစ်ကိုင်းမြို့တွင် ဈေးသစ်ကြီး ပြီးစီးချိန်က နာရီသံကို ဈေးပတ်ဝန်းကျင်နေအိမ်တချို့နှင့် အခြားရပ်ကွက်များ ထိတိုင်ကြားကြရသည်။

ယနေ့အချိန်တွင် နာရီသံမကြားရသည့်အပြင် မြို့မဈေးသစ်ကြီး၏ ဆေးရောင်မှာလည်း မေးမှိန်လျက်ရှိကာ နာရီစင်ပါပျောက်ကွယ်လုနီးပါး မြင်တွေ့နေရသည်။

မြို့မဈေးသစ်ကြီးမှာ တစ်နေ့ထက်တစ်နေ့ ရောင်းသူဝယ်သူများဖြင့် စည်ကားလျက်ရှိပြီး နာရီမပါသူများက အပေါ်သို့ မော့မော့ကြည့်သွားကြသည်။ ရှေ့မျက်နှာသာ ဝင်ပေါက် ခပ်နိမ့်နိမ့်တွင်အသံမမြည်သည့် နာရီတစ်ခုတပ်ဆင်ထားသည်ကို မြင်တွေ့ရသည်။

ဈေးသစ်ကြီးပြီးစီးချိန်က နာရီသံမျိုးကို ဈေးပတ်ဝန်းကျင်နေအိမ်တချို့နှင့် ဈေးသည်၊ ဈေးဝယ်သူများအပြင် အခြားရပ်ကွက်များကပါ ကြားလိုနေကြကြောင်း သိရသည်။

(၅၃၁)

မိတ္ထီလာ၌ စိုက်ပျိုးစရိတ်များ ထုတ်ချေး

မိတ္ထီလာ မေ ၁၈

မိုးဦးကာလရောက်ရှိလာပြီဖြစ်သဖြင့် မိုးရွာသွန်းခြင်းများကြောင့် ကျေးလက်ဒေသများတွင် စိုက်ပျိုးရေးလုပ်ငန်းများ စတင်လုပ်ကိုင်လျက်ရှိပြီး မိတ္ထီလာမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (စိုက်ဘဏ်)မှလည်း စိုက်ပျိုးစရိတ်ချေးငွေများ စိုက်ပျိုးချိန်အမီ တောင်သူများလက်ဝယ်သို့ ထုတ်ချေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ယခုနှစ်စိုက်ပျိုးစရိတ်ချေးငွေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (စိုက်ဘဏ်)မှ လယ်တစ်ဧက ငွေကျပ်တစ်သိန်းနှုန်း၊ ယာတစ်ဧက ငွေကျပ်နှစ်သောင်းနှုန်းထုတ်ချေးမှာ ဖြစ်ပါတယ်။ လယ်တစ်ဧကချေးငွေနှင့် ယာတစ်ဧက ချေးငွေကွာခြားခြင်းကြောင့် လယ်မြေမရှိဘဲ ယာမြေပဲရှိပါက စိုက်ပျိုးစရိတ် ချေးငွေသောင်းဂဏန်းသာ ရရှိမှာဖြစ်ပါတယ်။ ယာတစ်ဧကကို ငွေကျပ် ငါးသောင်းနှုန်းလောက် ထုတ်ချေးပေးရန် တောင်သူများက ဆန္ဒရှိကြပါတယ်" ဟု မိတ္ထီလာမြို့နယ် ရေဝေကျေးရွာနေ တောင်သူတစ်ဦးက ပြောပြသည်။

